


# ခေါင်မိုးများ

ဆွေဇင်င်နှမင်း

mgyoe.com

d e s i g n e d b y z a n y e h t u t

mgyoe.com SAMPLE BOOK



နေပူမိုးရွာမရှောင် နေ့စဉ်နှင့်အမျှ
သွားလာလှုပ်ရှားပြီး တစ်အိမ်ဝင် တစ်အိမ်ထွက်
စာသင်ကြတဲ့ ကျွန်မနဲ့ ဘဝတူဆရာ၊ ဆရာမများအကြောင်းကို
သရုပ်ဖော်ပြဖို့ ကျွန်မ ဒီဝတ္ထုကို ရေးပါတယ်။

ခေါင်မိုးများ ( ဆွေဝင်နေမင်း )

9 782022 000114

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၁)

ပုံနှိပ်မှတ်တမ်း



ခေါင်မိုးများ

**ဆွေဇင်နေမင်း**

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးပန်းချီ - ရှာန်ရဲထွဋ်

အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၇၀၀

စာအုပ်တန်ဖိုး - ၇၅၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ဆွေဇင်နေမင်း
ခေါင်မိုးများ / ဆွေဇင်နေမင်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၂၈၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၁) ခေါင်မိုးများ

mgyoe.com

mgyoe.com SAMPLE BOOK

# ခေါင်မိုးများအောက်က ကျွန်တော်

(၁)

ဇာတ်လမ်းပေါင်းများစွာ ဖန်တီးခဲ့သော ကျွန်တော်သည် ဝတ္ထုရှည် တစ်ပုဒ်မှ မဖန်တီးခဲ့ဖူးကြောင်း ဦးစွာ ဝန်ခံအပ်ပါသည်။ ဝတ္ထုရှည် မဖန်တီးဖူးသော ကျွန်တော်က ဝတ္ထုရှည်တစ်ပုဒ်အတွက် အမှာစာရေးပိုင်ခွင့် ရှိ၊မရှိဆိုသည်မှာ စဉ်းစားစရာ ဖြစ်ပါသည်။

"ခေါင်မိုးများ" ကို ဖတ်ကြည့်သောအခါ Home Tuition ဆရာ၊ ဆရာမလေးများအကြောင်း ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ဤအချက်သည် ကျွန်တော်နှင့် ခေါင်မိုးများ ပတ်သက်လာရသည့် အကြောင်း ဖြစ်ပါသည်။

ရင်းနှီးသူများက ကျွန်တော်၏ "ရှင် (၂) ရှင်" ကြားမှာ လူးလာခတ်ခဲ့ရသည့်ဘဝကို သိကြသည်။ ရှင် (၂) ရှင်ဆိုသည်က ကျူရှင်နှင့် ရုပ်ရှင်။ ရန်ကုန်၊ မန္တလေး ကျူရှင်လောကတွင် "ဦးမျိုးအောင်(မြန်မာစာ)" ဟူသော အမည်ဖြင့် သင်တင့်စွာ အောင်မြင်ခဲ့ဖူးပါသည်။ ရုပ်ရှင်လောကထဲသို့ ခြေစုံပစ်ဝင်တော့မည့် အချိန်က မိတ်ရင်းဆွေရင်း သူငယ်ချင်းကျူရှင်ဆရာတစ်ယောက်က စိုးရိမ်တကြီး သတိပေးခဲ့ဖူးသည်။

"ဟေ့ကောင် ကြည့်လဲလုပ်ဦးနော်။ မင်း အခုရနေတဲ့ ကျူရှင် အောင်မြင်မှုမျိုးရဖို့ လွယ်တာမဟုတ်ဖူး။ ဒီမှာက မင့်ထက်ငယ်တဲ့၊ မင်းလောက်

mgyoe.com

mgyoe.com SAMPLE BOOK

မတတ်တဲ့ ကလေးတွေကို ဆရာလုပ်ရတာ။ မင်း အခုသွားမယ့် ရှုပ်ရှင်က အဲ့ဒီလို မဟုတ်ဘူး။ပရိသတ်ထဲမှာကို မင်းထက် တတ်တဲ့၊ မင်းထက် ကျွမ်းတဲ့၊ မင်းထက် စာဖတ်တဲ့ လူတွေ အများကြီး။ အဲ့ဒီလူတွေကို ဆရာလုပ်နိုင်မှ အဆင်ပြေမှာ"

ဟု သူက ဆိုသည်။ ရင်ဘတ်နှင့် ပြောသော စကားများမို့ ရင့်သီးပေမဲ့ ခံသာပါသည်။ စေတနာ စိုးရိမ်မှု အပြည့်ပါသည်မို့ လက်ခံချင်စရာ ကောင်းသည်။ သို့သော် ကျွန်တော် နောက်မဆုတ်ခဲ့ပါ။

အောင်မြင်သော ကျူရှင်ဆရာတစ်ယောက်၏ဘဝကို နောက်လှည့်မကြည့်စတမ်း စွန့်ခွာရသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ နာမည်ဂုဏ်သတင်း၊ စီးပွားဝင်ငွေကောင်းခြင်းတို့က ဆွဲအားကြီးလှသည်။ "မြန်မာစာ ကျူရှင်ဆရာ" ဟူသော မှော်ရုံတောကြီးထဲတွင် ကျေနပ်စွာ မျက်စိလည်နေခဲ့သည်။ အကယ်စင်စစ် ကျွန်တော်သည် ကျောင်းသားလူငယ်များကို သင်ကြားပေးနေရင်း ကိုယ်တိုင် ပညာရေး၏သားကောင် ဖြစ်နေခဲ့သည်ကို မေ့လျော့မျောပါနေမိပါသည်။ သတိထားမိချိန်မှာ ဘဝသည် တစ်ဝက်မက ကုန်ဆုံးခဲ့လေပြီ။

ဤဝတ္ထုတွင် ကျွန်တော်နှင့်ဘဝတူ လူငယ်များစွာနှင့် တွေ့ဆုံရင်းနှီးရသဖြင့် "ဆွေဇင်နေမင်း" ကို ကျေးဇူးတင်မိပါသည်။ ယနေ့ ကျူရှင်ဈေးကွက်တွင် လှုပ်ရှားမျောပါနေသော လူငယ်တို့၏ အတွေ့အကြုံများနှင့် ထိတွေ့ရသည်။ ခေတ်သစ်ပညာရေးကား ပရိယာယ်များလှသည်။

ဤအချက်သည် ဆွေဇင်နေမင်း၏ တာဝန်ကျေမှုဖြစ်သည်။ ဝတ္ထုတို့၏ အရေးအကြီးဆုံးတာဝန်ဖြစ်သော ခေတ်ကို ထင်ဟပ်ပြရမည်ဆိုသည့် အချက်ကို "ခေါင်မိုးများ" တွင် တွေ့ရသည်။

နောက် (၁၀) နှစ်၊ အနှစ် (၂၀) ကြာသောအခါ. . .

"ခေါင်မိုးများ" ကို ဖတ်မိမည်ဆိုပါက မြန်မာပြည်ပညာရေး၏ တစ်စိတ်တစ်ပိုင်းကို စိတ်ဝင်စားဖွယ် ထိတွေ့ခွင့်ရမည်ဖြစ်သည်။

❑

(၂)

ဆွေဇင်နေမင်းက ဥပဒေ၊ စည်းကမ်းတို့ကို မစဉ်းစားဘဲ လွတ်လပ်စွာ ရေးဖွဲ့သကဲ့သို့ ကျွန်တော့်အမြင်ကိုလည်း လွတ်လပ်စွာ ပြောဆိုခွင့်ပြုစေလိုပါသည်။ လူငယ်ဆန်သော ဝတ္ထုတစ်ပုဒ်ပီပီ အဓိကဇာတ်ဆောင်တစ်ဦး၊ နှစ်ဦးကို

mgyoe.com

mgyoe.com SAMPLE BOOK

ပင်တိုင်ထား၍ ဇာတ်လမ်းဖွဲ့မထားပါ။ ဇာတ်ဆောင်ပေါင်းများစွာ၏ နှလုံးသားပေါင်းများစွာကို ဖြန့်ကျက်ရေးဖွဲ့ထားသည်။ ဇာတ်ဆောင် အရေအတွက်များစွာကို ကိုယ်တွယ်ရေးဖွဲ့ထားသည်။ သို့တိုင် သူ့ဇာတ်ဆောင်လေးများ အားလုံးကို ကျွန်တော် မှတ်မိနေသည်။ ရင်းနှီးနေသည်။ သူတို့နှင့်အတူ ရင်ခုန်ခံစားနေမိသည်။ ဆွေဇင်နေမင်းသည် သူ့ဇာတ်ဆောင်များကို နိုင်နင်းစွာ ဖန်တီးနိုင်သည့်အတွက် ကျေးဇူးတင်ပါသည်။

အဘယ်ကြောင့် ကျေးဇူးတင်ရသနည်း။

ဝတ္ထုဖတ်ရသည်မှာ ချောမွေ့ရှင်းလင်းနေသောကြောင့် ဖြစ်ပါသည်။ ရှေးရှေးတုန်းက စာပေနယ်တွင် "ပသာဒဂုဏ်" ဟု ဆိုခဲ့သည်။ အခုတော့ Sincerity ဟူသော ရိုးဂုဏ် ဆိုကြပါစို့။ ဆွေဇင်နေမင်း၏ ဝတ္ထုမှာ သူပြောလိုသည်ကို ထိထိမိမိ ပြောနိုင်သည်။ ထိုသို့ ပြောနိုင်ခြင်းမှာ မိမိကိုယ်ကို ယုံကြည်မှုနှင့် ရိုးသားမှုကို တည်ဆောက်ထားနိုင်သောကြောင့် ဖြစ်ပါသည်။

❑

(၃)

Writer ဟူသော စာရေးနည်းစာအုပ်တွင် "သင်ဘာကြောင့် စာရေးသနည်း" ဟူသော ခေါင်းစဉ်ကို အဖြေ (၁၀) မျိုးပေးကာ စာရေးသူ၏ အဆင့်အတန်းကို တိုင်းတာပြခဲ့ပါသည်။

ထိုအဖြေ (၁၀) မျိုးထဲတွင်

- ချမ်းသာကြွယ်ဝချင်လို့ (ပိုက်ဆံလိုချင်လို့)
- လူတွေ အထင်ကြီးတာ ခံချင်လို့
- ဖွဲ့ဖွဲ့နွဲ့နွဲ့ ချဲ့ထွင်ဖန်တီးရာမှာ သာယာချင်လို့
- ဗလာမှတ်စုစာအုပ်တွေမှာ စာတွေပြည့်သွားချင်လို့
- သူများနဲ့ မတူချင်လို့

ဟူသည့် ခပ်နိမ့်နိမ့် အကြောင်းပြချက်များကို ဦးစွာ ဖော်ပြထားသည်။ ထိုအကြောင်းပြချက်မျိုးနှင့်သာ စာရေးပါက အဆင့်ရှိသောစာပေ ထွက်မလာနိုင်ဟု ပြတ်သားစွာ ဖော်ပြထားသည်။ စာရေးသူ ဆွေဇင်နေမင်းသည် ဖော်ပြပါ အချက် (၅) ချက်ကြောင့် ဤ "ခေါင်မိုးများ" ကို ရေးခဲ့ခြင်းမဟုတ်သည်ကို ကျွန်တော် ကောင်းကောင်း ယုံကြည်နေပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

ဇာတ်လမ်းပညာနှင့် ပတ်သက်၍ လေးစားလောက်သော ကမ္ဘာကျော် FAMU တက္ကသိုလ်မှ ပို့ချချက်တစ်ခုတွင် "ဘာကြောင့် ဇာတ်လမ်းတွေကို ဖန်တီးကြတာလဲ" ဟူသော မေးခွန်းကို လိုရင်းတိုရှင်း ဖော်ပြထားပါသည်။

*Storytelling is to relate experiences that may be useful to others.*

*တခြားလူတွေအတွက် အသုံးဝင်မယ့် အတွေ့အကြုံတွေကို လက်ဆင့်ကမ်းပေးဝေချင်လို့. . . ။*

ထိုကဲ့သို့ ဖြေပြထားသည်။ ဇာတ်လမ်းတွင် အရေးအကြီးဆုံး အချက်မှာ "အသုံးဝင်သော အတွေ့အကြုံ" ကို လက်ဆင့်ကမ်းပေးဝေခြင်း ဟု ဆိုသည်။ ထိုအချက်ကို အစာကြေစွာ လက်ခံနိုင်ဖို့ အချိန်တော်တော်ကြာအောင် စဉ်းစားခဲ့ရပါသည်။ ယခုတော့ ကျွန်တော် လက်ခံပါပြီ။ ဗုဒ္ဓ၏ ၅၅၀ ဇာတ်တော်တို့ကအစ ဂရိပြဇာတ်များအထိ ထိုအချက်ကို သိမ်မွေ့စွာ ဌာပနထားကြောင်း လေ့လာခဲ့ရပါသည်။

ထို့ထက်ရှင်းအောင် ပြောရလျှင် "အသုံးမဝင်သော အတွေ့အကြုံ" များကို ရေးဖွဲ့ထားသည့် ဇာတ်လမ်းများကို ကျွန်တော်တို့ ငြီးငွေ့ခဲ့သည်မှာ ကြာပြီဖြစ်သည်။

ဆွေဇင်နေမင်း၏ ဝတ္ထုသည် အသုံးမဝင်သော ခေါက်ရိုးကျိုး အကြောင်းအရာများကို ရေးဖွဲ့ထားခြင်း မဟုတ်သည်မှာ သေချာလှသည်။ လောက၏ ချောင်ကြိုချောင်ကြားတွင် ညပ်နေသော တကယ့်ဘဝထဲက နိစ္စဓူဝ ပြဿနာလေးများကို ထုတ်ပြသွားသည်မှာ ချစ်စရာကောင်းနေပါသည်။

ပြီးတော့ မဲပြာပုဆိုး ဇာတ်လမ်းပုံစံက ကြိုးစားခဲ့ထွက်သွားသည်။

သူ့ဝတ္ထု၏ အစ၊ အလယ်၊ အဆုံး ပုံစံသည် သမရိုးကျ မဟုတ်ပါ။ ဝတ္ထုဖတ်နေရင်းက ဘယ်လိုအဆုံးသတ်မည်ကို မှန်းမရ။

❑

(၅)

ဤဝတ္ထုထဲက လူငယ်များသည် "ကျောင်းသားတစ်ပိုင်း ဆရာရိုင်း"လေးများ ဖြစ်သည်။ တိတိကျကျ ဆိုရလျှင် Teacher ဟူသော ဆရာတာဝန်ကို ကြိုးစားထမ်းရွက်နေသည့် Trainer ဟူသော လေ့ကျင့်ရေး နည်းပြများ ဖြစ်သည်။ သူတို့သည် ကျောင်းသားများနှင့် အရင်းနှီးဆုံး ဖြစ်သည်။ ကျောင်းသားမိဘများနှင့်လည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ဆွေးနွေးခွင့်ရှိသည်။ ပညာရေးသာမက လူမှုရေးပြဿနာများနှင့်လည်း ရင်ဆိုင်ရသည်။ တကယ့် သူတို့တာဝန်က ကျောင်းသားမှန်မှန် စာကျက်ဖို့ အိမ်စာလေ့ကျင့်ခန်းတွေ မပျက်မကွက် လုပ်ဖို့ ဖြစ်သည်။ သည့်အတွက် သူတို့ရသော ဉာဏ်ပူဇော်ခမှာ မနည်းလှ။ အတော်အတန် ဘဝပြဿနာကို ဖြေရှင်းပေးနိုင်သည်။

ကျောင်းသားတစ်ယောက် ဂုဏ်ထူးနှင့် အောင်သည် ဆိုပါစို့။
ထိုအောင်မြင်မှုသည် သူတို့ကြောင့်ချည်း ရာနှုန်းပြည့် မဟုတ်ပြန်။
သူတို့ဘဝသည် အငှားခန္ဓာမြှောင်ရသော ဝင်ကစွပ်ပမာ ဖြစ်သည်။
အောင်မြင်မှုကို ခွဲဝေယူရသည့် ဘဝမျိုးဖြစ်သည်။

မည်သို့ပင်ဆိုစေ သူတို့သည် မြန်မာပြည်ပညာရေးဇာတ်ခုံတွင် ပါဝင်ကပြနေသူများ ဖြစ်သည်။ ပညာရေးသမိုင်းတွင် သူတို့ကို ချန်ခဲ့၍ မရ။ လက်တွေ့မြန်မာ့ပညာရေးတွင် သူတို့သည် မရှိမဖြစ်။

သူတို့သည် တစ်နေရာတွင် သင်ကြားပေးနေသူများ ဖြစ်သည်။
အခြားတစ်နေရာတွင်မူ သင်ကြားခံရသူများ ဖြစ်နေပြန်သည်။
သူတို့သည် ခေါင်မိုးဖြစ်အောင် ကြိုးစားနေကြသည်။
သို့တိုင် တစ်ခါတစ်ရံ လှေကားထစ်များ ဖြစ်နေကြပြန်သည်။

သူတို့သည် အခြားသူတို့၏ ပညာရေး လမ်းခရီးကို ချောမွေ့အောင် ဖန်တီးပေးနေသူများ ဖြစ်သည်။

သို့တိုင် သူတို့ကိုယ်တိုင်က ထောင်ချောက်မိနေသော ပညာရေးသားကောင်များ ဖြစ်နေသည်။

ဤအချက်ဖြင့် ဝတ္ထုကို မောင်းနှင်ထားသည်ကိုတော့ ကျေနပ်နေမိပါသည်။

စာဖတ်သူများအားလုံး ကျေနပ်နိုင်ကြပါစေ။

ငြိမ်းမင်း
အောက်တိုဘာ၊ ၂၀၂၂။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

သီတာလွင်

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

သီတာလွင်က စာသင်နေရင်း ဘယ်အချိန်မှာ သူပြောချင်တဲ့စကားကို ထုတ်ပြောရမလဲလို့ တွေးနေမိတယ်။ ပြောခါနီးကျရင် ပါးစပ်တို့က အာစေးထည့်ထားသလို အ,သွားတတ်တယ်။ နှစ်နာရီစာ စာကိုသာ မနားတမ်းသင်နိုင်တယ်။ ဒီလိုစကားတစ်ခွန်းကို ပြောမထွက်နိုင်ဘူး။ ပြီးတော့ လူကြီးချင်းပြောရမယ့်စကားကို ကလေးကို ပြောရမလို ဖြစ်နေတာမို့ ပိုမပြောချင်ဘူး။

မနက်က နွဲ့အေးဟန်ဆီ ဖုန်းဆက်ကြည့်သေးတယ်။ "နွဲ့ ကူနိုင်ရင် ကူပါတယ် လွင်ရယ်" လို့ အသံတိုးတိုးနဲ့ ပြောရှာတယ်။ အေးပေါ့။ သူ့မှာလည်း သူ့အပူနဲ့ သူကိုး။ ကျန်းမာရေးမကောင်းတဲ့ အမေအိုကြီးနဲ့ မောင်နှမတစ်သိုက်က သူ့တာဝန်လုံးလုံးဖြစ်နေတယ်။ နောက်ထပ်အားကိုးရဦးမယ့် မိတ်ဆွေဆရာမ တစ်ယောက်ရှိသေးတယ်။ ဒါပေမယ့် သူနဲ့က ငွေချေး၊ ငွေယူ လုပ်နေကျမဟုတ်။ နွဲ့ နဲ့ လွင် ကြားမှာပဲ တစ်ခါတလေ ငွေလှည့်သုံးကြတာ ရှိတယ်။

အခုလို ခက်ခဲနေမယ့်အစား လွင်က ဘဏ်ထဲမှာ စုထားတဲ့ငွေထဲက လိုတဲ့ပိုက်ဆံကို နည်းနည်းထုတ်လိုက်ရင် ကောင်းမလားလို့ တွေးမိပြန်တယ်။ ဒါပေမယ့် ဘဏ်ထဲက ငွေက ထုတ်ဖို့ လွယ်သလောက် ပြန်သွင်းဖို့က ခက်တယ်။ ပြီးခဲ့တဲ့လက ရုတ်တရက် အမေနေမကောင်းဖြစ်လို့ ဘဏ်ထဲထည့်မယ့် လစဉ် စုငွေတွေ ဆေးကုသစားရိတ်ဖြစ်ကုန်တာပဲ ကြည့်တော့။ ရှောင်တခင် ပေါ်လာတဲ့

mgyoe.com

 mgyoe.com SAMPLE BOOK 

ကိစ္စတွေက မလွယ်ဘူး။

"တီချယ် . . . တီချယ်"

"ဩော် . . . အေး"

ဇော်လင်းထူးက စာတွက်ပြီးလို့ ခေါ်နေတာကို အတွေးလွန်ပြီး ရုတ်တရက် မကြားမိဘူး။ သူ့စာအုပ်ကို ယူပြီး အမှတ်ခြစ်လိုက်တယ်။

"မင်းမှာလည်း တွက်စာဆိုရင် အမှားလေးပါလိုက်ရမှ နေပျော်တာထင်တယ်နော်"

လွင်က ရွဲ့ပြောတော့ ဇော်လင်းထူးက ရယ်ကျဲကျဲလုပ်နေတယ်။ ဒီကောင်လေးက ဉာဏ်ကောင်းပါရဲ့နဲ့ ဘာကိုမှ အလေးအနက်စိတ် မရှိဘူး။ စာတွက်တာဖြစ်ဖြစ်၊ ကျက်တာဖြစ်ဖြစ် တစ်ခါတလေ ပြီးပြီးရော လုပ်တတ်တယ်။ လွင်က အဲ့ဒါမျိုးလုပ်တာကို တစ်စက်ကလေးမှ မကြိုက်ဘူး။ ဒါပေမဲ့ ဇော်လင်းထူးက ဘယ်လောက်ပြောပြော အမှတ်မရှိဘူး။ အေးပေါ့လေ။ မှတ်စရာ မလိုတဲ့ ဘဝအခြေအနေလည်း ရှိတာကိုး။ မိဘနဲ့ ဆရာတွေကသာ "ဂုဏ်ထူးဟဲ့" ဆိုပြီး သွေးထွက်မတတ်မှန်းပြီး လိုချင်နေတာပါ။ သူကတော့ အောင်ရင် တော်ပြီဆိုတော့ ဘယ်လိုလုပ်ရပါ့မလဲ။

"ကျွန်တော်က ဒီမှာ ကျောင်းမတက်ဘူး။ နိုင်ငံခြားမှာပဲ တက်မှာ တီချယ်။ အောင်ရင် ရပြီ။ ကျွန်တော်ဘယ်လိုအောင်အောင် ဖေဖေက ကျွန်တော်တက်ချင်တဲ့ ကျောင်းပဲ ထားပေးရမှာပဲ။ အတိုင်းထက်အလွန် လုပ်ရတာ ပင်ပန်းပါတယ် တီချယ်။ တီချယ်လည်း စိတ်လျှော့"

သူက အဲ့ဒီလို ဆရာမကို တရားပြန်ချနေတဲ့အခါတောင် ရှိသေးတယ်။ ပြီးတော့ အခုနောက်ပိုင်းခေတ်ကလေးတွေက ပိုသိ၊ ပိုတတ်၊ ပိုအမြင်ကျယ်လာကြတယ်။ ဇော်လင်းထူးတို့လို မွေးကတည်းက ရွှေဇွန်းကိုက်မွေးလာတဲ့ လူချမ်းသာကလေးတွေဆိုရင် သိတာပိုတောင်များသေးတယ်။ စာသင်ချိန်နားတုန်း ခဏမှာ စကားစမြည် ပြောဖြစ်ရင် သူပြောပြသမျှ နားထောင်ပြီး ဗဟုသုတ ပြန်ရှာမှီးနေရသလို ဖြစ်နေတယ်။ တကယ်မလွယ်တဲ့ လူချမ်းသာသားသမီး ဆယ်ကျော်သက်လေးတွေပေါ့။

"တီချယ် ဒီတစ်ပုဒ်တွက်ပြီးရင် ဆင်းပေးတော့လေဗျာ။ ကျွန်တော်မှန်အောင် တွက်ပေးမယ်။ ဒီနေ့ မနက်ပိုင်းကတည်းက အတန်းချိန်တွေ ဆက်နေတာ ကျွန်တော်လည်း ရေလည်အီစိမ့်နေပြီ။ တီချယ့်အချိန်ပြီးရင် တစ်နာရီလောက်

mgyoe.com

mgyoe.com SAMPLE BOOK

နားရမယ်။ ပြီးရင် ညဘက် စာကျက်ဂိုက်လာတော့မှာ"

ဒီလိုအပြောတွေက ဇော်လင်းထူးဆီက အပတ်စဉ် နားဆင်ရတဲ့ စကားသံတွေပေါ့။ လွင်က ဇော်လင်းထူးကို တစ်ချိန် နှစ်နာရီနဲ့ တစ်ပတ်ကို သုံးရက် သင်ပေးရတယ်။ သုံးရက်မှာ တစ်ရက်လောက်ကတော့ အခုလို စောဆင်းပေးဖို့ ဈေးဆစ်နေကျပါပဲ။ တောင်းဆိုတိုင်း အမြဲလိုက်လျောလို့တော့ မဖြစ်၊ တစ်လမှာ တစ်ကြိမ်လောက်တော့ လိုက်လျောပေးပါတယ်။

"တီချယ် ဆင်းပေးမလား၊ ဆယ့်ငါးမိနစ်လောက်တည်းပါ တီချယ်ရယ်၊ မေမေ့ကို ကျွန်တော် စာပြီးလို့ စောနားပေးတယ်လို့ ပြောလိုက်ရင် ရပါတယ်။ လုပ်ပါ တီချယ်ရာ. . . လုပ်ပါ။ ပလိစ်. . . "

ထုံးစံအတိုင်း ဇော်လင်းထူးက စကားပြောရင်း လက်အုပ်ချီပြီးတောင်းဆိုနေပြီ။

"ဒီလအတွက် ဒီတစ်ရက်တည်းနော်။ စောဆင်းပေးမယ်။ အခု နောက်ဆုံးပုဒ်ကို မှန်အောင်တွက်။ ဟေး. . . နေဦး။ ပြောတာ မပြီးသေးဘူး။ စောဆင်းပေးရတဲ့အတွက် အိမ်စာ ဆယ်ပုဒ်ပေးခဲ့မယ်။ သဘောတူလား"

ဇော်လင်းထူးမျက်နှာက ပြုံးစိစိဖြစ်နေတယ်။

"ဆယ်ပုဒ်လောက်က အေးဆေး။ ဒီကြားထဲ အချိန်တစ်ပတ်တောင်ရတယ်။ ပြီးတယ်။ တီချယ်သာ စောဆင်းပေးပါဗျာ"

"အိုကေ"

နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသွားတော့ တွက်ရမယ့်ပုစ္ဆာကို လွင်က ရွေးပေးလိုက်တယ်။ စောဆင်းရမယ်ဆိုတဲ့အသိကြောင့် ဇော်လင်းထူးမျက်နှာက လန်းဆန်းနေတယ်။ မလန်းမဆန်းဖြစ်နေတာက လွင့်မျက်နှာပဲ။ ဇော်လင်းထူးတွက်သမျှကို စိုက်ကြည့်နေရင်း စိတ်က အာရုံမရဘူး။ ပါးစပ်က ဖွင့်ပြောရမယ့်ကိစ္စပဲ ခေါင်းထဲ ပြန်ရောက်လာတယ်။

မပြောမပြီး၊ မတီးမမြည်ဆိုသလိုပဲ လိုရင်းရောက်ချင်ရင်တော့ ပြောရတော့မှာပဲ။ မတတ်နိုင်ဘူး။ အစကတော့ စာသင်နေရင်း ကြိုပြောထားမလို့ပဲ။ ဒါပေမဲ့ တွေးရင်းနဲ့ နှုတ်က ဖွင့်မပြောဖြစ်ဘူး။

ဒီနေ့ကျမှ ဇော်လင်းထူးမေမေကလည်း အရိပ်အယောင်ကို မတွေ့ရဘူး။ ခါတိုင်းဆိုရင် ဇော်လင်းထူးအခြေအနေမေးဖို့ စာသင်တဲ့အခန်းထဲ ရောက်လာတတ်သေးတယ်။ အိမ်မှာ မရှိဘူးလား မသိပါဘူး။ ခက်ရချည်သေးရဲ့လို့ စိတ်က

mgyoe.com

mgyoe.com SAMPLE BOOK

တွေးမိ ပြန်တယ်။

"တီချယ် တွက်လို့ ပြီးပြီဗျ"

ဇော်လင်းထူးက လွင့်ကို စာအုပ်ပြပြီးတာနဲ့ ဘောပင်အိတ်ထဲကို စာရေးကိရိယာတွေ ကောက်ထည့်တယ်။ စာအုပ်တွေကို ခပ်သုတ်သုတ် သိမ်းနေတယ်။

"အမလေး မင်းကလည်း တော်တော်ဆင်းချင်နေတာပဲ။ တွက်တာ မှန်တာ သေချာလို့လား"

"သေချာတယ်။ မှန်သမှ ကွက်တိ ဒတ်ထိမှန်တာပါ တီချယ်"

ဇော်လင်းထူးက စပ်ဖြဲဖြဲမျက်နှာနဲ့ သိမ်းလက်စစာအုပ်များကို ဆက်သိမ်းတယ်။ လွင် စစ်ကြည့်လိုက်တော့ တကယ်မှန်ပါတယ်။ စောဆင်းရမယ်ဆိုတော့ သေချာဂရုစိုက် တွက်ထားတဲ့သဘောပဲ။

"မင်္ဂလာပါ တီချယ်"

ဇော်လင်းထူးက မတ်တပ်ရပ်ပြီး ဝတ္တရားကျေ လက်အုပ်ချီနှုတ်ဆက်လိုက်တယ်။ ပြီးတာနဲ့ အိမ်အပေါ်ထပ်ကို သူတက်ပြေးတော့မှာ လွင် သိတယ်။

"ဟေ့ နေဦး။ မင်း မေမေရော. . . မတွေ့မိဘူး။ အိမ်မှာ ရှိလား"

"ဟုတ်ကဲ့ ရှိတယ် တီချယ်။ မေမေက ခေါင်းကိုက်နေလို့တဲ့ အိပ်နေတယ်"

"ဩော် အိပ်ပျော်နေတာလား"

"အာ. . . မဟုတ်ဘူး တီချယ်။ မအိပ်လောက်ဘူး။ မေမေက အဲ့လိုပဲ လှဲနေတာဖြစ်မယ်။ မေမေနဲ့ ပြောစရာရှိလို့လား တီချယ်"

အကင်းပါးတဲ့ ဇော်လင်းထူးက လွင့်မျက်နှာကို ကြည့်တာနဲ့ အရိပ်အကဲသိတယ်။ မျက်နှာကို အကဲခတ်သေးတယ်။

"ခဏလေး တီချယ် ကျွန်တော် ခေါ်ပေးမယ်"

"အယ် မခေါ်ပါနဲ့ နေမကောင်းလို့ နားနေရင် ရပါတယ်။ မင်းကိုပဲ ပြောလိုက်တော့မယ်။ တစ်ဆင့်ပဲ ပြောလိုက်ပါ"

"ဟုတ်ကဲ့ တီချယ် ပြောလေ မေမေ့ကို ပြောပေးပါမယ်"

"ရက်ကတော့ မရောက်သေးဘူး။ နောက်အပတ်မှပါ။ ဒါပေမဲ့ တီချယ် Fees ကြိုထုတ်သွားချင်လို့။ အဆင်ပြေမယ်ဆိုရင် ဒီနေ့ယူသွားချင်တာ"

"ဩော် ဟုတ်ကဲ့ တီချယ်။ ရပါတယ်။ မေမေ့ကို ပြောလိုက်မယ်။ မေမေ အိပ်နေလည်းရတယ် တီချယ်။ ကျွန်တော့်မှာရှိတာ ပေးလိုက်ပါမယ်။ တီချယ် ဧည့်ခန်းထဲမှာ ခဏထိုင်စောင့်နေ်။ ကျွန်တော်ပြန်ဆင်းလာခဲ့မယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

ဇော်လင်းထူးက ခုန်ပေါက်ပြီး အိမ်ပေါ်ထပ်ကို တက်သွားလေရဲ့။ လွင်က မပေါ့ပါးတဲ့စိတ်နဲ့ ခမ်းနားထည်ဝါတဲ့ ဧည့်ခန်းထဲမှာ ဝင်ထိုင်နေလိုက်တယ်။ ပုံမှန်ဆိုရင်တော့ ဒီဧည့်ခန်းထဲမှာ ထိုင်လေ့မရှိပါဘူး။ အတန်းချိန်ပြီးတာနဲ့ အိမ်ပြန်နောက်ကျမှာ စိုးရိမ်စိတ်ကြောင့် မြန်မြန်ပြန်ဖို့ပဲ တွေးတယ်။

ဇော်လင်းထူးဆီမှာ စာသင်ချိန်က နောက်ဆုံးအချိန်ပဲ။ ညနေ ခြောက်နာရီမှ ပြီးတယ်။ နွဲ့အေးဟန်ဆိုရင်တော့ ညကိုးနာရီလောက်အထိ စာသင်ချိန်တွေယူပြီး သင်တယ်။ လွင်ကတော့ ညဘက် အဲ့ဒီလောက်နောက်ကျတဲ့အထိ မသင်ရဲဘူး။ ကြောက်တတ်တယ်။ အိမ်အပြန်လမ်းမှာ မိသားစုကို လာကြိုခိုင်းရတာနဲ့ အလုပ်လည်းပိုတော့ ညခြောက်နာရီထက်တော့ နောက်ကျပြီး ပိုမသင်ဘူး။ မဖြစ်လို့သာ သင်ခဲ့ဖူးတဲ့ တစ်ကြိမ်၊ နှစ်ကြိမ် ရှိဖူးတယ်။ ဒါပေမဲ့ လွင့်စိတ်နဲ့ ညဘက်နောက်ကျတာနဲ့ အဆင်မပြေပါဘူး။

လွင် အတွေးကောင်းနေတုန်းမှာပဲ ဇော်လင်းထူး မေမေက အိမ်ပေါ်ထပ်က မျက်နှာထားချိုချိုလေးနဲ့ ဆင်းလာတယ်။ သိပ်လှပြီး သိပ်သဘောကောင်းတဲ့ အမျိုးသမီးပေါ့။ ဒီနှစ် ဒီအိမ်မှာ စာသင်ခွင့်ရတာ ကံကောင်းတယ်လို့ ပြောရမယ်။ ပိုက်ဆံရှိသလောက် သဘောထားပြည့်ဝတဲ့ မိသားစုပေါ့။ ချမ်းသာပေမဲ့ လူတန်းစား ခွဲခြားမှုမရှိ၊ ရင်းနှီးဖော်ရွေတတ်တာမို့ စာသင်ချိန်တိုင်း သက်တောင့်သက်သာရှိတယ်။

"တီချယ်ရေ. . . ကျွန်မလည်း ခေါင်းတွေမူးနေလို့ ခဏလှဲနေတာ။ ထုံးစံအတိုင်း သွေးပေါင်ကျသလား မသိပါဘူး တီချယ်ရယ်. . . ကဲ ဒီမှာ တီချယ့်လခလေး ယူပါဦး။ အိမ်မှာ စာအိတ်တွေက ကုန်နေလို့ ဒီအတိုင်းပဲ ပေးလိုက်တော့မယ်နော် တီချယ်။ တစ်မျိုးမထင်ပါနဲ့"

"ဩော် မဟုတ်တာ အစ်မရယ်။ ရပါတယ်"

"အခိက ပိုက်ဆံရဖို့ပါပဲ အစ်မရေ" လို့ ကိုယ့်အဖြစ်ကို စိတ်နာနာနဲ့ စိတ်ထဲကတော့ ပြောလိုက်မိတယ်။ လွင်က ပိုက်ဆံကို တရိုတသေ အိတ်ထဲကို ထည့်သိမ်းလိုက်တယ်။

"တီချယ် ညနေစာ ထမင်းစားပြီးမှ ပြန်ပါလား။ အိမ်ပြန်ရောက်ရင် ဆာနေမှာပဲ။ တစ်ခါတည်း စားသွားပါ"

"မစားတော့ပါဘူး။ အပြန်နောက်ကျနေရင် အိမ်ကလည်း စိတ်ပူနေမှာ စိုးလို့ ပြန်လိုက်ပါတော့မယ် အစ်မ။ လစာကြိုထုတ်ပေးတာ ကျေးဇူးတင်ပါတယ်

mgyoe.com

mgyoe.com
SAMPLE BOOK

ရှင်”

“ဟယ် မဟုတ်တာ တီချယ်ကလည်း. . . လိုအပ်ရင် နောက်လည်း ပွင့်ပွင့်လင်းလင်း ပြောပါ။ သားအတွက် တီချယ်တို့ကိုပဲ အားကိုးနေရတာ။ ကျွန်မကလည်း မေ့တတ်တယ်။ တီချယ်တို့ကို လစာပေးဖို့ရက်ကို ပြက္ခဒိန်မှာ သေချာရေးမှတ်ထားရတယ်။ စောပေးရတာ ကောင်းပါတယ်။ နောက်ကျပေးမှ အားနာနေရမှာ”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အစ်မ။ လွင် ပြန်လိုက်ပါဦးမယ်”

“ဟုတ်ကဲ့ပါ ကောင်းပါပြီ။ တီချယ့်ကို ကျွန်မ လိုက်ပို့ပါမယ်။ လာပါ”

ဇော်လင်းထူးမေမေက ခြံထဲအထိ လိုက်လာတယ်။ ဇော်လင်းထူးတို့အိမ်က ကားဒရိုင်ဘာက လွင့်ကို လမ်းထိပ်ကားမှတ်တိုင်အထိ ပြန်လိုက်ပို့ဖို့ အဆင်သင့် စောင့်နေတယ်။

ဇော်လင်းထူး မေမေကို နှုတ်ဆက်ပြီး လွင်က အိမ်စီးကားပေါ် တက်လိုက်တယ်။ လက်ပြနှုတ်ဆက်ကြပြီး ကားကထွက်လာတယ်။ ဆောင်းတွင်းဆိုတော့ အပြင်မှာ မှောင်နေပြီ။ ကားမှတ်တိုင်နဲ့ မလှမ်းမကမ်း လွင်ဆင်းနေကျ နေရာမှာ ဒရိုင်ဘာက ကားကို ရပ်ပေးတယ်။ ဒီဒရိုင်ဘာဦးလေးကြီးကလည်း ဇော်လင်းထူးကို လာသင်သမျှ ဆရာမတိုင်းကို အကြို၊ အပို့လုပ်ရင်း ဘယ်ဆရာမကို ဘယ်နေရာအထိ ပို့ပေးရမယ်ဆိုတာ အလွတ်ရနေပြီ။ လမ်းညွှန်ပြောပြဖို့ မလိုတော့ဘူး။

လွင်က ကားပေါ်က ဆင်းပြီး ကားလမ်းတစ်ဖက်ကို ကူးလိုက်တယ်။ ရုံးဆင်းချိန်ဆိုတော့ ကားမှတ်တိုင်မှာ လူတွေ အများကြီးပါပဲ။ လွင်က အိမ်ကို တစ်ဆင့်တည်းရောက်တဲ့ကားကိုပဲ စီးချင်တာ။ ဒါပေမဲ့ အဲ့ဒီကားနံပါတ်က ညနေခြောက်နာရီကျော်ရင် လာဖို့ မသေချာတော့ဘူး။ သမိုင်းလမ်းဆုံကနေ ခေါက်တိုပဲ ဆွဲတော့တယ်။

တစ်စီးတလေ လာလိုလာငြား လွင်က ပေကပ်ပြီးမှတ်တိုင်မှာ ရပ်စောင့်နေတယ်။ လာခဲ့ရင် လမ်းဆုံမှာ ကားပြောင်းစီးရမယ့်ကိစ္စ မရှိတော့ဘူး။ တစ်ဆင့်စာ ကားခလည်း သက်သာသွားမယ်။ လမ်းဆုံမရောက်ခင်ကတည်းက စီးတာမို့ ထိုင်ခုံနေရာ ရဖို့လည်း သေချာတယ်။ လမ်းဆုံမှာဆိုရင် ထိုင်ခုံနေရာရဖို့ ကားပေါ်ကို အလုအယက် ပြေးတက်ပြီး နေရာဦးရမှာ။ လွင်တို့လို လူမတိုးချင်တဲ့ မိန်းကလေးတွေ အတွက် ပြေးပြေးလွှားလွှား နေရာဦးဖို့က မလွယ်ဘူး။ ပြီးတော့ လွင်က အဲ့ဒီလို ဣန္ဒြေမရ ပြေးလွှားရတာကို မကြိုက်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့က ဇော်လင်းထူးတို့အိမ်မှာ လစာစောင့်ရင်း နည်းနည်းကြာသွားတာဆိုတော့ ဒီလမ်းပေါ်ကို ဖြတ်တဲ့ နောက်ဆုံးကားနံပါတ်ကို လွတ်သွားပြီထင်ပါတယ်။ မှတ်တိုင်မှာ မိနစ် နှစ်ဆယ်လောက်ကြာတဲ့အထိ ကားက မရောက်လာတော့ဘူးဆိုတော့ လက်လျှော့မှ ဖြစ်တော့မယ်။ သမိုင်းလမ်းဆုံအထိ သွားပြီး ဂိတ်ထိုးလာမယ့် ကားကို တက်စီးရတော့မှာပဲ။

ခပ်မြန်မြန်ရောက်အောင် လွင်က မျက်စိရှေ့ရပ်လာတဲ့ အောက်ဆိုက်ကားဖြစ်တဲ့ ဘီအမ်တစ်စီးပေါ် တက်စီးလိုက်တယ်။ ဒီအချိန် ပုံမှန်ဝိုင်ဘီအက်ကားတက်စီးရင် နေရာမရနိုင်ဘူးလေ။ လမ်းဆုံအထိ ငါးမှတ်တိုင်လောက်ပဲ စီးရမယ် ဆိုပေမဲ့ ရုံးဆင်းချိန် ကားပိတ်ပြီဆိုရင် ဒီလမ်းဆုံအကူးခရီးမှာတင် နာရီဝက်၊ လေးဆယ့်ငါးမိနစ် ကြာချင်ကြာတာမျိုးပါ။ အတိအကျ ပြောလို့မရဘူး။ ရန်ကုန်က ကားလမ်းမတွေ လမ်းချောင် မချောင်က အချိန်ကာလပေါ် မူတည်တယ်။ ထိုင်ခုံနေရာမရဘဲ လိုင်းကားပေါ်မှာ ရုံးဆင်းချိန် မတ်တတ်ရပ်စီးရတယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ငါးပိသိပ်၊ ငါးချဉ်သိပ်ဆိုတာမျိုး ကျပ်ညှပ်ပြီး ခြေထောက်တစ်နေရာစာပဲ ရပ်ခွင့်ရတာမျိုးပါ။ ဟိုမှတ်တိုင်၊ ဒီမှတ်တိုင်ပါတယ်ဆိုရင် တိုးဝှေ့ဆင်းကြရင်း အတွန်း၊ အထိုးက ခံရသေးတယ်။ ဒါကြောင့် လွင်ကတော့ ရုံးဆင်းချိန်ဆိုရင် အခုလိုပဲ နေရာရတဲ့ကားကို တွက်ကိန်းနဲ့ တွက်ပြီး စီးရတယ်။ မဖြစ်မနေ လူကျပ်ကျပ်ကားကို စီးရမယ့် အချိန်ကလွဲရင်ပေါ့။ အဲ့ဒီလိုအချိန် ဆိုရင်တော့လည်း သည်းခံ စီးရတာပါပဲ။ မတတ်နိုင်ပါဘူး။

"အစ်မ ကားခက နှစ်ရာ မဟုတ်ဘူး။ သုံးရာ"

ဝိုင်ဘီအက်စီးရင် နှစ်ရာပဲကျမယ့်ကိစ္စကို သူက သုံးရာတောင်းတော့လည်း သုံးရာ ပေးရတာပေါ့။ အောက်ဆိုက်ကားဆိုတော့လည်း ကားခက ကားသမား ပါးစပ်ထဲမှာပဲ ရှိတယ်။ တစ်ရာပိုတောင်းလည်း ပေးရတာပါပဲ။ လွင်ကတော့ ပိုက်ဆံတစ်ရာအတွက် ကားစပယ်ယာတွေနဲ့ ရှည်ရှည်ဝေးဝေး စကားမပြောချင်။ တောင်းရင် ပေးလိုက်တယ်။

နောက်ဘက်နားက အမျိုးသမီးကြီး နှစ်ယောက်ကတော့ မပေးချင်လို့ တစ်ရာပိုတောင်းတဲ့အမှုနဲ့ အချေအတင် စကားများနေကြတယ်။ စပယ်ယာကလည်း အကျောခပ်တင်းတင်းပဲ။ နောက်မှတ်တိုင်မှာ ဆင်းဖို့ ပြောနေတယ်။ ကားပေါ်မှာ ဆူညံဆူညံဖြစ်နေသံကို အတိုင်းသား ကြားနေရတယ်။

ဒီကားပေါ်မှာပါလာတဲ့ လူအကုန်လုံးက လမ်းဆုံရောက်ရင် ဆင်းပြီး

mgyoe.com

mgyoe.com SAMPLE BOOK

နေရာ အသီးသီးကို ကားပြောင်းစီးကြမယ့် လူတွေချည်းပဲ။ တချို့လူတွေက နှစ်မှတ်တိုင်၊ သုံးမှတ်တိုင်လောက်စီးပြီး သုံးရာဘယ်ပေးချင်ပါ့မလဲ။ ကိုယ်ချင်းစာပါတယ်။

ထုံးစံအတိုင်းပဲ လမ်းပေါ်မှာ ကားအပြည့်နဲ့ တော်တော်ကျပ်နေတယ်။ ပျင်းပျင်းရှိတာနဲ့ လွင်က အာရုံလည်း ပြောင်းအောင် လမ်းဘေးဝဲယာကို လျှောက်ကြည့်နေလိုက်တယ်။

*"မြို့ထဲလမ်းမပေါ် ကားရောင်စုံများစွာ တစ်စီးမှ ကိုယ်မပိုင်ပါ"* ဆိုတဲ့ ဇော်ဝင်းရှိန်ရဲ့ သီချင်းစာသားကို သတိရပြီး ငါတို့ဘဝက သီချင်းထဲကအတိုင်း ဟုတ်သားပဲလို့ တွေးမိလိုက်တယ်။ ဒီလောက်များတဲ့ ကားတွေကို ဘယ်သူတွေများ ပိုင်ဆိုင်ပါလိမ့်ပေါ့။ တွေးမိတွေးရာကို တွေးမိတယ်။

တက္ကသိုလ်ပြီးစ အရွယ်ကတည်းက လုပ်လိုက်ရတဲ့ အလုပ်ဆိုတာ နားရတယ်လို့ကို မရှိဘူး။ ဒါပေမဲ့ အခုထိလည်း လက်ထဲမှာ စုမိ၊ ဆောင်းမိပိုက်ဆံရယ်လို့လည်း များများစားစား မရှိပြန်ဘူး။ ဒီတစ်သက် ကားစီးပြီး ကျောကျောမော့မော့လေးသွားလာလို့ စာသင်ဖို့ဆိုတာကတော့ ဝေးပါတယ်။ ရှာရင်းဖွေရင်း ကုန်လိုက်ရင်းနဲ့ ဝင်ငွေထွက်ငွေ စီးဆင်းမှုက လစဉ်မှန်မှန်ကြီး လည်ပတ်နေတယ်။

ဒီကားပေါ်မတက်ခင်ကတည်းက လွင် မှန်းထားတဲ့အတိုင်းပဲ လမ်းဆုံရောက်ဖို့ လေးဆယ့်ငါးမိနစ်လောက် ကြာတော့မယ်ထင်တယ်။ ကားက တဖြည်းဖြည်းချင်း ရွေ့နေရတယ်။ ဒီညတော့ အိမ်ပြန်နောက်ကျတော့မှာပဲလို့ တွေးတယ်။

အမေနဲ့ ညီမလေးကတော့ လွင့် အိမ်အပြန်ကို မျှော်နေတော့မယ်။

နောက်ကျလည်း ဖုန်းမဆက်နဲ့လို့ ခပ်မာမာ ပြောထားလို့ ကားတိုးစီးနေရမယ့် လွင့်ဆီ ဖုန်းဆက်မေးရဲမှာတော့ မဟုတ်ပါဘူး။ မတတ်နိုင်ဘူး။ အချိန်တန်ရင် အိမ်ပြန်ရောက်လိမ့်မယ်လို့ပဲ တွေးလိုက်တော့တယ်။

ညစာစားချိန်တန်ပြီဆိုတော့ တရွေ့ရွေ့သွားနေတဲ့ ကားပေါ်မှာ ဗိုက်လည်း တော်တော်ဆာနေပါပြီ။ လမ်းဆုံရောက်ရင်တော့ City Mart ထဲ ဝင်ပြီး တစ်ခုခု ဝယ်စားမှပဲလို့ တွေးပြီး စိတ်ကို ဖြေသိမ့်ထားလိုက်ရတယ်။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

တရွေ့ရွေ့လှိမ့်နေရတဲ့ ကားပေါ်မှာ သမိုင်းလမ်းဆုံရောက်တဲ့အထိ ထိုင်စောင့်မနေချင်တော့တာနဲ့ ကားပေါ်ကဆင်းပြီး လမ်းလျှောက်လိုက်တယ်။ လမ်းဆုံမီးပွိုင့်ကို လှမ်းမြင်နေရပြီ။ ဒါပေမဲ့ လမ်းဆုံကို ပတ်လျှောက်ပြီး ကားလမ်းတစ်ဖက်မှတ်တိုင်အထိ ရောက်အောင်သွားရမှာဆိုတော့ မှတ်တိုင်အသေးတစ်ခုစာလောက် လမ်းလျှောက်ရဦးမယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။

လွင်က ညမီးရောင်နဲ့ ရန်ကုန်လမ်းမပေါ်မှာ ဟိုကြည့်ဒီကြည့် လမ်းလျှောက်ရတာကို ကြိုက်တယ်။ ပလက်ဖောင်းပေါ်က လမ်းဘေးဆိုင်တွေမှာ စားသောက်နေသူတွေကို ဘာရယ်မဟုတ် ငေးကြည့်ရင်း လမ်းလျှောက်ရတာလည်း အရသာတစ်မျိုးပဲ။ ပြီးတော့ လမ်းဆုံမီးတိုင်အောက်မှာ စာအုပ်အဟောင်းဆိုင်တစ်ဆိုင်လည်း ရှိတယ်။ တစ်ခါတလေ အချိန်ရရင် စာအုပ်ဆိုင်မှာ ခဏရပ်ပြီး စာအုပ်တွေ ရှာကြည့်ရတယ်။ ဝယ်တော့ ဝယ်ခဲပါတယ်။ လွင်က စာအုပ်အသစ်တွေပဲ ပိုကြိုက်တယ်။ စာအုပ်တွေ မြင်ရင် ကြည့်ချင်တဲ့ ဝါသနာရှိတော့ လျှောက်ကြည့်တဲ့သဘောပါပဲ။ လိုလည်းလိုချင်၊ စာအုပ်သန့်သန့်လေးတွေရမှပဲ ရံဖန်ရံခါဝယ်တတ်တာမျိုးပါ။ ဒါပေမဲ့ လမ်းမီးတိုင်အောက်မှာ စာအုပ်အဟောင်းဆိုင် ဖွင့်တာကို ကဗျာဆန်တယ်လို့ တွေးမိတဲ့ စိတ်ကူးလေးက ရှိတာမို့ မြင်ရတာကို ကြိုက်နေတာမျိုးပေါ့။ ဒါကြောင့် ညဘက်ဒီလမ်းဆုံမှာ လမ်းလျှောက်ဖြစ်ရင်

mgyoe.com

mgyoe.com SAMPLE BOOK

အဲ့ဒီစာအုပ်ဆိုင်ကို မကြာခဏ ယောင်လည်လည်နဲ့ ဝင်ကြည့်တတ်သေးတာ။

ဒီနေ့တော့ မကြည့်ဖြစ်ပါဘူး။ ကားလမ်းပိတ်တာ အရမ်းကြာသွားတော့ အိမ်ပြန်နောက်ကျဖို့က သေချာနေပြီလေ။ လွင်က လမ်းကို ခပ်သွက်သွက်လျှောက်တယ်။ ဆာနေတဲ့ ဗိုက်ကို ဖြည့်ဖို့ထက် အိမ်ပြန်ရောက်ဖို့က ပိုအရေးကြီးပါတယ်။ အဆာပြေတစ်ခုခု ဝင်စားမယ်လို့ စိတ်ကူးထားပေမဲ့ အချိန်မပေးချင်တော့လို့ City Mart ထဲကို မဝင်ဖြစ်တော့ဘဲ ခပ်သုတ်သုတ်လျှောက်ပြီး ကားလမ်းတစ်ဖက်ကို ကူးလိုက်တယ်။

အလုပ်သွား၊ အလုပ်ပြန်လူတွေနဲ့ ပျားပန်းခတ်စည်ကားနေတဲ့ သမိုင်းလမ်းဆုံမှာ လူတိုင်းက သူ့သောကနဲ့သူ၊ သူ့လောဘနဲ့သူ သွားလာလှုပ်ရှားနေကြတယ်။ ဒီအချိန်မှာ အိမ်ပြန်မရောက်သေးတာ ငါတစ်ယောက်တည်းမှ မဟုတ်သေးတာလို့ စိတ်အားတင်းပြီး တွေးလိုက်တယ်။ တကယ်တော့ တစ်နေကုန် စာသင်ရင်း ဟိုအိမ်၊ ဒီအိမ် ကူးသန်းသွားလာနေရလို့ ပင်ပန်းနေတဲ့ ခန္ဓာကိုယ်ကို အနားပေးချင်နေပြီ။

လမ်းတစ်ဖက်ကို ကူးလိုက်တော့ တွေ့နေကျ ကောင်မလေးတွေနဲ့ လွင်ဆုံရတယ်။ ဒီလမ်းဆုံမှာ ဒီကောင်မလေးတွေနဲ့ စည်ကားတတ်တာ နာမည်ကြီးတယ်။ သူတို့လေးတွေနဲ့ ကိုယ်နဲ့က မျက်မှန်းတန်းမိသလိုတောင် ဖြစ်နေပါပြီ။ ကိုယ်တင်မကဘဲ ဒီလမ်းဆုံမှာ ဒီအချိန်ကားပြောင်းစီးရတဲ့ လူတော်တော်များများကို သူတို့ မှတ်မိနေမှာပဲ။

နဂိုကတည်းက လူတွေကို စိတ်ဝင်စားတတ်တဲ့ ဉာဉ်ရှိတဲ့ လွင်က သူတို့လေးတွေကို တွေ့စကတည်းက စိတ်ဝင်တစား အမြဲကြည့်မိတယ်။ "ခေါင်း" လို့ ယူဆရတဲ့ အမျိုးသမီးနှစ်ယောက်ကို လွင်က ပိုမှတ်မိတယ်။ ကျန်တဲ့ ကလေးမလေးတွေသာ ပြောင်းသွားတယ်။ သူတို့တွေက နေရာမပြောင်း၊ ပုံစံမပြောင်းဘဲ ဒီနေရာမှာ အမြဲ ရပ်ပြီး ရှိနေတာကိုး။ ဒီလမ်းဆုံကြီးက သူတို့ရဲ့ လုပ်ငန်းခွင်ပဲ။

တွန်းလှည်းကြက်ကင်ဆိုင် နောက်တည့်တည့်က လမ်းဘေးကွမ်းယာဆိုင်က သူတို့တွေရဲ့ ဌာနချုပ်တည်နေရာပေါ့။ လွင် စီးရမယ့်ကားနံပါတ်က သမိုင်းလမ်းဆုံမှာ ဂိတ်ထိုးရင် အဲ့ဒီကြက်ကင်ဆိုင်နားမှာပဲ ရပ်ပြီး လူစောင့်တတ်တယ်။ မှတ်တိုင်အထိ တက်သွားပြီး မောင်းချလိုက်ရင် ခရီးသည် သိပ်မရဘူးလေ။ အဲ့ဒီတော့ လမ်းဆုံမှာ ကားစောင့်ရင်း သူတို့လေးတွေကို မမြင်ချင်လည်း မြင်ရ၊ မြင်ချင်လည်း မြင်ရနဲ့ နှစ်တွေ အတော်ကြာနေပြီပေါ့။ ဂိတ်ထိုးထားတဲ့ ကားပေါ်ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

စောင့်ကြည့်ရင် သူတို့တွေ အကုန်လုံးကို ပိုမြင်ရတယ်။ မိတ်ကပ်အထူတွေလူး၊ စကတ်၊ ဘောင်းဘီအတိုလေးတွေနဲ့ ရယ်လို့မောလို့ စကားပြောဆိုနေကြတာပဲ။ တစ်ရက်တလေကျတော့လည်း မြန်မာ၀တ်စုံနဲ့ သိမ်သိမ်မွေ့မွေ့ လမ်းဘေးရပ်နေတာမျိုးလည်း တွေ့ရတယ်။ သူတို့လည်း သူတို့ အလုပ်၊ သူတို့ဘ၀နဲ့ နေသားကျနေဟန် ရှိပါတယ်။ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်ပဲ။

လူအမျိုးမျိုး၊ ဘ၀အထွေထွေပါလားလို့ တွေးရင်း လွင်က သက်ပြင်းချတယ်။ ငါကတော့ အနေတော်ဘ၀မှာ နေခွင့်ရတာ တော်ပါသေးရဲ့လို့ တွေးလိုက်တော့ စိတ်ဖြေသာရာ ရသွားတယ်။

စီးရမယ့် ကားနံပါတ် ဂိတ်ထိုးလာတော့ မပြေးချင်သော်လည်း နေရာရဖို့ အရေး အများနည်းတူ ကားဆီပြေးလွှားသွားရတယ်။ အတက်နှေးလို့ ခုံနေရာမရရင် အိမ်အထိ မတ်တတ်စီးဖို့က မသက်သာလှဘူး။ စိတ်မော၊ လူမောနဲ့ လူက နွမ်းဖတ်ဖတ်ဖြစ်နေပြီလေ။ ဒီအချိန်မှာသာ ကိုယ့်မျက်နှာကိုယ် မှန်ပြန်ကြည့်လိုက်ရင် စိတ်ဓာတ်ပါ ကျသွားမယ်ထင်တယ်။ အိမ်အမြန်ပြန်ရောက်ပြီး ရေချိုး၊ အ၀တ်အစားလဲပြီး နားချင်နေပါပြီ။

ထုံးစံအတိုင်းပဲ မှတ်တိုင်မှာ ဂိတ်ထိုးပြီး ခုံနေရာပြည့်သွားပေမဲ့ မတ်တတ်ရပ်တဲ့လူပါ ပြည့်လာအောင် ကားသမားက လူစောင့်ခေါ်နေတယ်။ လူတွေကြားတိုးဝှေ့တက်ရင်း ကားခေါင်းခန်းနားက ပြတင်းပေါက်နားမှာ လွင်က နေရာရနေလို့ တော်ပါသေးရဲ့။ နေရာသာမရရင် ရပ်ထားတဲ့ကားပေါ်မှာ မတ်တတ်ရပ်ပြီး ကားမထွက်မချင်း ငြီးငွေ့အောင် စောင့်နေရတော့မှာ။ ကိုယ်က ကားထွက်ပါတော့လို့ ပြောလို့ရတာမှမဟုတ်တာ။ ကားပေါ်ရောက်ရင် ကားသမားရဲ့သဘောအတိုင်းလိုက် စီးရတာပဲ။ ပြောနေလည်း လေကုန်လူပန်းတာပဲ အဖတ်တင်မယ်။ ရုံးဆင်းချိန်၊ အလုပ်သိမ်းချိန်ဆိုတာ သူတို့ရဲ့ ခွင်ချိန်ပဲလေ။ ဘယ်လက်လွှတ်ခံပါ့မလဲ။ ရသမျှ သဲ့ယူချင်မှာပဲ။

နေ့စဉ်နဲ့အမျှ နားထောင်နေလို့ အလွတ်ရနေပြီဖြစ်တဲ့ ကားစပယ်ယာရဲ့ လူခေါ်သံ၊ မှတ်တိုင် အော်သံကို မကြားသလို အာရုံလှည့်စားပြီး နေရတာပဲ။ လိုင်းကားပေါ်က ညချမ်း ရေဒီယိုသီချင်းသံကို အာရုံစိုက်ထားလိုက်တယ်။ အနည်းဆုံး ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်တော့ ဒီလိုဂိတ်ထိုးထားတဲ့ ကားကြီးပေါ်မှာ မလှုပ်မယှက် ထိုင်စောင့်နေရမှာပဲ။ ကျင့်သားလည်း ရနေပါပြီ။

အမေနဲ့ ညီမလေးတော့ အိမ်ပြန်ချိန်ကို မျှော်နေတော့မှာပဲ။ ဖုန်းဆက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကျတဲ့အကြောင်း ပြောရရင်ကောင်းမလားလို့ တွေးမိပေမဲ့ ဖုန်းဆက်တော့လည်း ဘာအကျိုးရှိမှာလဲလို့ပဲ တွေးလိုက်တော့တယ်။ အရင်လည်း တစ်ခါ တလေ နောက်ကျနေကျပဲ၊ သူတို့ဘာသာ သူတို့တွေးပြီး သိလိမ့်မယ်လို့ပဲ ထားလိုက်တော့တယ်။

ကားက စထွက်ပါပြီ။ ကြားမှတ်တိုင်တွေမှာလည်း သိပ်မနားဘဲ ခပ်သွက်သွက် မောင်းချသွားလို့ တော်ပါသေးတယ်။ ကားသမားက မောင်းလည်း မောင်း၊ စပယ်ယာကိုလည်း စကားလှမ်းပြောနေသေးတယ်။ ဒီတစ်ခေါက်ပြီးရင် သူတို့ကားလည်း နားတော့မှာမို့ ကားအသိမ်းပေါ့။ ဒါကြောင့် မြန်မြန် မောင်းတာ ဖြစ်မယ်။ သူတို့မောင်းနေပုံက အန္တရာယ်တော့များတယ်။ ဒါပေမဲ့ အခုလို အိမ်မြန်မြန် ပြန်ရောက်ချင်တဲ့အချိန်မှာတော့ လွင်က အဲ့ဒီလိုမောင်းတာမျိုးကို ကြိုက်တယ်။ မြန်မြန်ရောက်ရင် ပြီးတာပဲ။ သူတို့လည်း ကျွမ်းကျင်လို့ ဒီလိုခပ်ကြမ်းကြမ်း မောင်းရဲတာပေါ့လို့ပဲ ယုံကြည်စိတ်မွေးလိုက်တယ်။ မတတ်နိုင်ဘူးလေ။

ဆင်းရမယ့် ကားမှတ်တိုင်ရောက်တော့ ကားပေါ်မှာ လူတောင်တော်တော် နည်းနေပါပြီ။ ရန်ကုန်ရဲ့ မြို့စွန်မြို့နယ် ရပ်ကွက်တွေမှာ နေတာဆိုတော့ အခုလို နောက်ကျပြီဆိုရင် ကားပေါ်အတက်လူက မရှိတော့ဘူး။ ရုံးပြန်၊ အလုပ်ပြန်သမားတွေပဲ များတယ်။

လွင်တို့အိမ်က လမ်းမကြီးနဲ့တော့ သိပ်မဝေးပါဘူး။ နည်းနည်းလမ်းလျှောက် ဝင်လိုက်ရင် ရောက်ပြီ။ အခုလို လမ်းမကြီးနဲ့ အလှမ်းမဝေးတဲ့နေရာမှာ အိမ်ရထားတာ ကံကောင်းတယ်လို့ ပြောရမယ်။ မဟုတ်ရင် မလွယ်ဘူး။ မိန်းမသားတွေချည်း နေတာဆိုတော့ သိပ်ချောင်ကျတဲ့နေရာတွေ၊ လမ်းတွေမှာ နေလို့လည်း မဖြစ်ဘူးလေ။

လွင်က ခပ်သုတ်သုတ် လမ်းလျှောက်လာရင်း အိမ်ရှေ့အဝင်ဝနားမှာ ရပ်စောင့်နေတဲ့ ညီမလေး စန္ဒာလွင်ကို လှမ်းမြင်လိုက်တယ်။ "ဒီကောင်မလေး ဒီအချိန်ကြီး လမ်းပေါ် ထွက်စောင့်စရာလား" လို့ ကရုဏာဒေါသနဲ့ တွေးလိုက်တယ်။

"ဘာထွက်လုပ်နေတာလဲ စန္ဒာ။ အိမ်ထဲမှာနေပြီး စာကျက်နေပါလား။ ရာသီဥတုကလည်း အေးနေပြီကို. . . အမေရော. . ."

တွေ့တွေ့ချင်း အသံမာမာနဲ့ ငေါက်လိုက်မိတယ်။

"အမေက အိမ်ထဲမှာ ရှိတယ်"

စန္ဒာလွင်က အစ်မဖြစ်သူ လွယ်ထားတဲ့အိတ်ကို အလိုက်တသိ လှမ်းဆွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ယူလိုက်တယ်။ လွင်က စန္ဒာ့လက်ကို ဆွဲပြီး ခြံဝင်းထဲ ဝင်ဖို့ ဟန်ပြင်တယ်။

"နေဦး မမ နေဦး"

"ဘာလဲ"

လွင့် စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ အမေ ဘာများဖြစ်လို့လဲလို့ ရုတ်တရက် တွေးတယ်။

"အိမ်ထဲမှာ နေရတာ စိတ်ရှုပ်လာလို့ အပြင်ထွက်ရပ်နေတာ"

"ဟင် ဘာလဲ။ ဘာဖြစ်လို့လဲ"

"ဟိုလေ အိမ်ထဲမှာ မမကြီး ပြန်ရောက်နေတယ်"

"ဟင်. . . "

"အမေ ဆူနေလို့ စိတ်ညစ်လို့ အပြင်ထွက်နေတာ။ ဗိုက်ကြီးနဲ့ . . . သူ့ဗိုက်က တော်တော်ကြီးနေပြီ။ ပြီးတော့ ဝိုင်းချစ်လည်းပါလာတယ်။ အပြီးပြန်လာတယ် ပြောတာပဲ"

အိမ်ထဲဝင်မယ့် လွင့်ခြေလှမ်းတွေ ရပ်သွားတယ်။ နားထဲမှာ ဘာသံမှ မကြားအောင် တိတ်ဆိတ်ငြိမ်သက်သွားသလိုပဲ။

အရုပ်ကြိုးပြတ် ဖြစ်သွားတဲ့ ခံစားမှုမျိုးပဲ။ အိမ်ပြန်ရောက်ချင်လှပြီလို့ ကားပေါ်မှာ တစ်လမ်းလုံးတွေးလာတဲ့ အတွေးတွေလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့ရတယ်။

သန္တာလွင်ရဲ့ အရှုပ်ထုပ်တွေ ငါ့အပေါ် ပြန်ကျလာဦးမှာလားဆိုတဲ့ အတွေးနဲ့ စိတ်တွေ လွတ်ထွက်သွားမိပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

သီတာလွင်နဲ့ စန္ဒာလွင်တို့ အိမ်ထဲဝင်လာတာကို တွေ့တာနဲ့ ဧည့်ခန်းထိုင်ခုံလေးမှာ ထိုင်နေတဲ့ ဝိုင်းချစ်က မဝံ့မရဲ မျက်နှာလေးနဲ့ ထရမလို၊ ထိုင်ရမလိုဖြစ်သွားတယ်။ သီတာလွင်ကို မျက်လုံးအဝိုင်းသားနဲ့ လှမ်းကြည့်တယ်။ ဝိုင်းချစ်က ငယ်ငယ်ကတည်းက သူ့ကို စာသင်ခဲ့တဲ့ ဆရာမဖြစ်တဲ့ လွင့်ကို ကြောက်စိတ်ရှိတယ်။ သူ့အမေ ဆိုးတာတွေကြောင့် ကလေးက မျက်နှာငယ်ရတာလည်း ပါတာပေါ့။ ကလေးက သိတတ်ပါတယ်။ လူကြီးကသာ မသိတတ်တာ။

လွင်က ဝိုင်းချစ်ကို တစ်ချက်လှမ်းကြည့်ပြီး တင်းနေတဲ့စိတ်တွေ အနည်းငယ် ပြေလျော့သွားတယ်။ ကလေးကို သနားစိတ် ဝင်လာတယ်။ အိမ်ရှေ့ဧည့်ခန်းမှာ ခရီးဆောင်အိတ်တွေက ချထားတုန်းပဲ ရှိသေးတယ်။ ရောက်တာ သိပ်မကြာသေးဘူး ထင်ပါတယ်။

အိမ်နောက်ဘက်ကနေ သန္တာလွင် ထွက်လာတယ်။ သီတာလွင်ကို တွေ့တော့ အရှိန်လျော့သွားတယ်။

"ဪ လွင်လွင် ပြန်ရောက်ပြီလား။ ရောက်တာ စောသားပဲ"

သန္တာလွင့်မျက်နှာက ခပ်တည်တည်၊ ခပ်တင်းတင်းပဲ။ သီတာလွင်ရှေ့ကဖြတ်သွားပြီး ခရီးဆောင်အိတ်ကို ဆွဲယူတယ်။ နေစေ့လစေ့ဖြစ်နေတဲ့ ဗိုက်ကတော်တော်ထွက်နေပြီ။ အထုတ်ကို လှမ်းဆွဲဖို့ ကုန်းလိုက်တဲ့အချိန် မြင်မကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

တော့ဘူး။

"မကြီး မ,မနဲ့။ စန္ဒာ သယ်ပေးမယ်။ ဘေးဖယ် ဘေးဖယ်"

အမြင်မတော်တဲ့ စန္ဒာက အပြေးကူတယ်။ ဝိုင်းချစ်ကပါ နီးရာအိတ်ကို ထဆွဲတယ်။

"ငါ့ဘဝကိုက ကံအကြောင်းမလှတာ၊ မပြောချင်တော့ဘူး"

သန္တာလွင်က ငိုသံပါကြီးနဲ့ ပြောရင်းဆိုရင်း နီးစပ်ရာ ခုံတစ်လုံးမှာ မပေါ့ မပါးနဲ့ ဝင်ထိုင်ချတယ်။ စန္ဒာနဲ့ ဝိုင်းချစ်က အသံတိတ်တိတ်၊ အလိုက်သိသိနဲ့ အထုတ်တွေကို အိမ်နောက်ဖေးကို မနိုင့်တနိုင် သယ်ချသွားတယ်။

သီတာလွင်က ပြဇာတ်တစ်ပုဒ် ကြည့်နေရသလိုပဲ မြင်သမျှ ရပ်ကြည့် နေမိတော့တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကလည်း သန္တာလွင်က ဒီလိုပဲ ပြော ခဲ့တာပဲ။ နောက်ဆုံး ဝိုင်းချစ်ဆိုတဲ့ သားတစ်ယောက်ပဲ အဖတ်တင်သွားတယ်။ ကံအကြောင်း လှအောင် ဘာမှမစွမ်းဆောင်ဖူးသူက ကံအကြောင်း လှချင်နေတာ အံ့သြမိပါရဲ့လို့ လွင်က တွေးတယ်။

"လွင်လွင် အပြင်က ဘာမှမစားလာဘူးမလား။ ရေမြန်မြန်ချိုး နောက်ကျ နေပြီ။ ပြီးရင် ထမင်းစားမယ်။ အမေ ထမင်းခူးထားလိုက်မယ်"

အိမ်နောက်ဖေးက ထွက်လာတဲ့အမေက လွင့်မျက်နှာကို ကြည့်ရှုံ့နဲ့ အရိပ်အကဲ ဖမ်းမိပုံရပါတယ်။ အာရုံပြောင်းအောင် လေသံမှန်မှန်နဲ့ သတိပေး တယ်။

ဘာမှမပြောတော့ဘဲ အမေ့ဘေးက ဖြတ်လျှောက်ပြီး အိမ်နောက်ဘက် အခန်းကို ဝင်ခဲ့တော့တယ်။ ဒီမိသားစုကြီးထဲမှာ ဒီလူတွေနဲ့ ဖွဲ့စည်းထားမှတော့ ဒီလူတွေနဲ့ ငါ လွတ်ပါ့မလားလို့သာ တွေးလိုက်မိတယ်။ ဒါကိုက ကိုယ့်ဘဝ အကြောင်းကံပါပဲ။

အိပ်ခန်းထဲ ဝင်လိုက်တော့ စန္ဒာလွင်က အိပ်ရာလိပ်နံဘေးမှာ မျက်နှာ ငယ်လေးနဲ့ ထိုင်နေတယ်။

"သမီးကို ဒီအခန်းမှာ မမလွင်နဲ့အတူနေတဲ့။ မေမေက ပြောတယ်။ မကြီးက မေမေနဲ့ တစ်ခန်းနေမှ ရမှာ"

"အေး"

စကားအပိုတွေ မပြောချင်တော့တာနဲ့ ရေချိုးဖို့ အဝတ်လဲဖို့ ဟန်ပြင် လိုက်တယ်။ စန္ဒာလွင်က အလိုက်တသိနဲ့ အခန်းအပြင်ကို ထွက်ဖို့ မတ်တတ်

mgyoe.com

ထရပ်လိုက်တယ်။

"စန္ဒာ ခဏနေဦး"

သီတာလွင်က အိတ်ထဲက လစာပိုက်ဆံနှစ်ခုကို ပေါင်းထုတ်လိုက်တယ်။ ဒီနေ့ စာသင်တဲ့ အိမ်နှစ်အိမ်က လခတွေ ကြိုထုတ်လာခဲ့တယ်လေ။

"ရော့ ဒီပိုက်ဆံတွေ အမေ့ကို ပေးလိုက်။ အိမ်လခအတွက်လို့ ပြောလိုက်။ အကုန်မရလာလို့ ပိုက်ဆံက လိုသေးတယ်။ လိုတဲ့ ပိုက်ဆံကို ရှိတဲ့ပစ္စည်း ခဏသွားပေါင်ထားလို့သာ ပြောလိုက်တော့။ နောက်လကျ မမလွင် ပြန်ရွေးပေးမယ်လို့။ ဒါနဲ့ မကြီး မမြင်အောင် ပေးနော်။ သေချာသိမ်းလို့ ပြော"

"ဟုတ်"

အကင်းပါးတဲ့ စန္ဒာလွင်က ပိုက်ဆံကို စက္ကူတစ်အိတ်ထဲ သေချာပေါင်း ထည့်လိုက်တယ်။ ပြီးတော့ အခန်းထဲက ထွက်သွားတယ်။

စန္ဒာလွင် ထွက်သွားမှ လွင်က ကြမ်းပြင်မှာ ထိုင်ချလိုက်တယ်။ သက်ပြင်းကို ချတယ်။ "ရွှေ့လျှောက်မလွယ်ဘူး" ဆိုတဲ့ ကိစ္စကို တွေးမိတယ်။ လူက မိန်းမိန်း မောမော ဖြစ်သွားရတယ်။ မရေရာတဲ့ အနာဂတ်ကို မြင်နေရတယ်။

"လွင်လွင် ရေချိုးလေ"

အခန်းအပြင်က အမေ လှမ်းသတိပေးသံကို ကြားရတယ်။ အိုးသံ၊ ခွက်သံလေးတွေ ကြားတာမို့ အမေထမင်းပွဲ ပြင်နေကြောင်း သိရတယ်။ အမေက တော့ သူ့သမီးကြီး ရောက်လာလို့ စိတ်ထဲကတော့ ပျော်နေမှာပဲလို့ တွေးမိပါ တယ်။ ကောင်းကောင်း၊ ဆိုးဆိုး မိခင်မေတ္တာပဲ မဟုတ်လား။ ဗိုက်တစ်လုံးနဲ့ အိမ်ပေါ်ပြန်တက်လာတဲ့ သမီးကို ကရုဏာဒေါသနဲ့ အပြစ်တင်နေပေမဲ့ အမေ လည်း သူ့သမီးကြီးကို ချစ်ရှာမှာပဲ။ လွင့်အတွက်လည်း အစ်မကြီးပါပဲ။ အားကိုး အားထားပြုလို့ မရတာကလွဲလို့ပေါ့။ လွင်လည်း သံယောဇဉ် ကြီးပါတယ်။ ဒါပေမဲ့ မကြီးစရိုက်ကို မကြိုက်တာလည်း အမှန်ပဲ။

"ကဲ ဖြစ်သမျှအကြောင်း အကောင်းပေါ့" လို့ တွေးပစ်လိုက်ပြီး မတ်တတ် ထရပ်လိုက်တယ်။ အဝတ်မြန်မြန်လဲပြီး ထမီရင်ရှား၊ တဘက်ခြုံပြီး ရေချိုးခန်း ဘက် ထွက်လာလိုက်တော့တယ်။

ဆောင်းတွင်းဘက် ရောက်နေပြီဆိုတော့ ရာသီဥတုက အေးနေပြီ။ ရေကို ခပ်သွက်သွက်လောင်းလိုက်တယ်။ ဆောင်းနဲ့ရေ ပေါင်းအေးသလို ငါ့ရင် အပူလည်း အေးသွားရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိပါတယ်။

mgyobe.com

mgyoe.com SAMPLE BOOK

ရေတစ်ခွက် သောင်းချတိုင်း မအေးချမ်းခဲ့တဲ့ အတိတ်နေ့တွေက ပြန်ပေါ် လာပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

သန္တာလွင်နဲ့ သီတာလွင်က အသက်တစ်နှစ်ပဲ ကွာပါတယ်။ ငယ်ငယ်ကတော့ သူတို့ညီအစ်မနှစ်ယောက်က သိပ်ချစ်ကြတယ်။ အရွယ်ချင်းသိပ်မကွာတော့ သွားအတူ၊ လာအတူ စရိုက်တူနေသလို ထင်ရတယ်။ ဒါပေမဲ့ အပျိုပေါက်အရွယ် ဖြစ်လာချိန်ကစလို့ တစ်ယောက်နဲ့တစ်ယောက် အသွင်မတူတော့ဘဲ ကွဲပြားလာတယ်။

ခြောက်တန်း၊ ခုနှစ်တန်းအရွယ်မှာ သန္တာလွင်က အလှအပကို တော်တော်လေး စိတ်ဝင်စားတဲ့ အပျိုပေါက်ကလေး ဖြစ်လာပြီ။ ညီအစ်မနှစ်ယောက်လုံး အပျိုဖော်ဝင်ချိန်လည်း စောကြတယ်။

သီတာလွင်ကတော့ ကြီးလေ ပိုငြိမ်လေ ဆိုတဲ့ စရိုက်မျိုးဖြစ်လာတယ်။ သီတာလွင်က ဣန္ဒြေကြီးတယ်။ သန္တာလွင်က တွေ့ကရာလူနဲ့ အရောဝင်တယ်။ အလှအပ စိတ်ဝင်စားပြီး လမ်းများချင်တယ်။

သန္တာလွင် ရှစ်တန်းကျောင်းသူအရွယ်ကစလို့ သီတာလွင်နဲ့ သိပ်မတွဲတော့ဘူး။ အမြင်တွေ၊ အကြိုက်တွေ မတူကြတော့ဘူး။

သန္တာလွင်က သူ့အပေါင်းအသင်းနဲ့သူ ပျော်မွေ့လာတယ်။ လွတ်လွတ်လပ်လပ် နေစပြုလာတယ်။ ပြင်ပြင်ဆင်ဆင်လည်း နေတတ်၊ စကားအပိုတွေလည်း တန်ဆာဆင်ပြောတတ်တော့ ရွယ်တူယောက်ျားလေးတွေကြားမှာ သန္တာလွင်

mgyoe.com

mgyoe.com SAMPLE BOOK

နာမည်က ပြောစမှတ်ပြုလာတယ်။

သန္တာလွင် ကိုးတန်းရောက်တော့ ရည်းစားထားတဲ့ကိစ္စနဲ့ ကျောင်းအုပ်ကြီး ရုံးခန်းကို ခေါ်သတိပေးခံရလို့ မိဘတွေက သွားတွေ့ရတယ်။ အဲ့ဒီတုန်းကတော့ သူတို့မှာ အဖေ ရှိသေးတယ်။ အဖေ မဆုံးသေးဘူး။

အဖေက ကျောင်းက ပြန်လာတော့ သမီးကြီးကိစ္စနဲ့ ရှက်လွန်းလို့ အိပ်ခန်းထဲက အပြင်မထွက်ဘူး။ ဒါပေမဲ့ အဖေက လူရိုး၊ လူအေးကြီးပါ။ သမီးကြီးကို အပြစ်လည်း မပြောရှာဘူး။ အမေကသာ သန္တာလွင်ကို ရိုက်ဆုံးမခဲ့တယ်။

သီတာလွင်က အဖေချစ်သမီးမို့ အဲ့ဒီတုန်းကတည်းက သန္တာလွင်ကို အမြင်မကြည်တော့ဘူး။ ဖေဖေ စိတ်ဆင်းရဲနေတာကိုမြင်ပြီး သီတာလွင်က သန္တာလွင်ကို မချေမငံပြောဆိုမိလို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်ရသေးတယ်။ အမေရော အဖေပါ အကြီးကို ပြန်မပြောရ မရိုင်းရဘူးလို့ ပြင်းပြင်းထန်ထန် ဆုံးမတာကို သီတာလွင် ခံရသေးတယ်။ မကြီးက အိမ်မှာ အဲ့ဒီလို ဗိုလ်လုပ်ခွင့် ရခဲ့သူပေါ့။

အဲ့ဒီတုန်းက အငယ်ဆုံး စန္ဒာလွင်က နှစ်နှစ်သမီးပဲ ရှိဦးမယ်။ စန္ဒာက အမေ အသက်ကြီးမှ မွေးတာဆိုတော့ လွင်တို့ အကြီးနှစ်ယောက်နဲ့ အတော်လေး အသက်ကွာနေတယ်။

လူဆိုတာကတော့ လူတစ်ကိုယ်၊ စရိုက်တစ်မျိုးစီပါပဲ။ သန္တာလွင်က ဒီမိသားစုမှာ သင်းကွဲစရိုက်နဲ့ မွေးလာတာလို့ ပြောရမယ်။ အပျိုအရွယ်ဖြစ်လာလေ မသိတတ်လေပါပဲ။ ဆယ်တန်းရောက်တော့ သန္တာလွင် ရည်းစားထားတဲ့ ကိစ္စက အဆန်းမဟုတ်တော့ဘူး။ အလေ့အကျင့်လို ဖြစ်နေပြီ။ မိဘသိတစ်မျိုး၊ မသိတစ်မျိုး ရည်းစားအမြဲရှိနေတတ်တယ်။ ဆယ်တန်းကို နှစ်ချင်းပေါက် အမှတ်ကပ်ပြီး အောင်သွားလို့ တော်သေးတယ်။ အမေလည်း အဲ့ဒါနဲ့ပဲ သန္တာလွင် မျက်နှာများတတ်တာကို သည်းခံလိုက်ရတယ်။

သန္တာလွင် ပထမနှစ်အတက်၊ သီတာလွင် ဆယ်တန်းကျောင်းသူဘဝမှာ အဖေ ကင်ဆာ ဖြစ်ပါတယ်။ ရောဂါလွန်မှ သိရတာမျိုးဆိုတော့ ကုဖို့ ခက်ပါတယ်။ ဒါပေမဲ့ အမေက အဖေ့ကို မဆုံးရှုံးချင်တဲ့စိတ်တစ်ခုနဲ့ နိုင်သလောက် ကုပေးဖို့ ကြိုးစားတယ်။ အဖေက စက်ရုံဝန်ထမ်းဘဝက အလုပ်တွေ နားလိုက်ရတယ်။ နောက်တော့ အဖေ့ဆေးကုသစားရိတ်တွေ ထောင်းလာတော့ အမေက ပေနှစ်ဆယ် အိမ်ပိုင်လေးကို အပေါင်ထားလိုက်တယ်။

သာမန်စျေးရောင်းတာလောက်ပဲ လုပ်တတ်တဲ့ အမေက အဖေမရှိဘဲ

mgyoe.com

mgyoe.com SAMPLE BOOK

ခိုကိုးရာမဲ့ရမလို ဖြစ်တော့ လုပ်မိလုပ်ရာတွေ အကုန်လုပ်တော့တာပါပဲ။ အားကိုးရာ မရသေးတဲ့ သမီးသုံးယောက်နဲ့ ကျန်ရစ်ခဲ့ရမယ့်အရေးကို အမေက တွေးပူခဲ့ရှာတယ်။ အငယ်ဆုံးလေးက လူလားမမြောက်သေးဘူး။

မိသားစုဘဝခရီးလမ်း အချိုးအကွေ့မြန်လိုက်ပုံက မျက်စိတစ်မှိတ် အတွင်း မျက်လှည့်ပြလိုက်သလိုပါပဲ။

အဖေ့ကျန်းမာရေးကိစ္စကို မိသားစုဝင်အားလုံးက အာရုံစိုက်နေချိန်မှာပဲ သန္တာလွင်က လွတ်လပ်ရေးရနေပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်က ဆိုင်မန်နေဂျာ အမျိုးသားတစ်ဦးနဲ့ ခိုးရာလိုက်ပြေးသွားတော့တယ်။ အဲ့ဒီအမျိုးသားက သန္တာလွင် ထက် ဆယ်နှစ်လောက် အသက်ကြီးတယ်။ ရုပ်ခံက ခပ်ဖြောင့်ဖြောင့်နဲ့ သားသား နားနားနေတတ်တော့ လူလည်မလေး သန္တာလွင်တစ်ယောက် ဒီထောင်ချောက်မှာ ပြုတ်ကျသွားတော့တာပါပဲ။

သီတာလွင်တို့ မိသားစုအတွက် ကပ်ဆိုးဆိုက်တဲ့ နှစ်အပိုင်းအခြားတွေ လို့ပဲ ပြောရမယ်ထင်ပါတယ်။ ပညာတော်တဲ့ သီတာလွင်က ပညာရေးကို အာရုံ မစိုက်နိုင်တော့ဘူး။ အဖေ့ကျန်းမာရေး၊ အမေ့သောကနဲ့ မပြေလည်တဲ့ အိမ်စီးပွား ရေးကြားမှာ လူရောစိတ်ပါ နာကျင်ခဲ့ရတဲ့အချိန်တွေပေါ့။

ယောကျ်ားယူပြီး အိမ်ပေါ်ကို အကြောတင်းတင်းနဲ့ ပြန်တက်လာခဲ့တဲ့ သန္တာလွင်ကို သီတာလွင် မုန်းခဲ့ဖူးတယ်။ ဒါပေမဲ့ သန္တာလွင်ရဲ့ အမျိုးသားက ရည် ရည်မွန်မွန်ရှိပြီး သဘောကောင်းပါတယ်။ ငယ်ငယ်ရွယ်ရွယ်မိန်းမကို ယူပြီး ချစ်ရ ကောင်းမှန်းလည်း သိတယ်။ ပုံမှန်အလုပ်ကြိုးစားတယ်။ သေချာတွေးကြည့်ရင် သန္တာလွင်က ယောကျ်ားရ ကံကောင်းပါတယ်။ သူ့ဘာသာ မိုက်တွင်းနက်ခဲ့လို့သာ ချောက်ထဲပြုတ်ကျနေတာ။

"လွင်လွင် ရေချိုးတာ ကြာလှချည်လား။ အဝတ်တွေ လျှော်နေတာလား။ အအေးပတ်နေမယ်။ မလျှော်ဘဲ ထားခဲ့"

အမေ့အော်သံ ကြားတော့ လွင့်ရဲ့အတွေးစတွေ ပြတ်တောက်သွား တယ်။

"ဟုတ်ကဲ့ ပြီးပါပြီ"

"အေး အဝတ်လဲပြီးရင် မြန်မြန်လာခဲ့။ ထမင်းစားမယ်။ ဟင်းတွေ နွေး ထားတာ အေးကုန်တော့မယ်"

ပြန်ထွက်သွားတဲ့ အမေ့ခြေသံကို ကြားရတယ်။ လုံချည်လဲပြီး ရေချိုးခန်း

mgyoe.com

mgyoe.com SAMPLE BOOK

ထဲက မြန်မြန်ထွက်လိုက်တယ်။ ဒီဇင်ဘာရဲ့ဆောင်းက ရင်ထဲကို စိမ့်ခနဲ အေးသွားစေတယ်။

အဝတ်လဲဖို့ အခန်းထဲကို ခပ်သုတ်သုတ်ဝင်ရတယ်။ ရေမချိုးခင်က တည်းက ဝတ်မယ့်အဝတ်အစားတွေ အဆင်သင့်ထုတ်ထားလို့ တော်ပါသေးရဲ့။ လူလည်း တော်တော်ချမ်းနေပြီ။ လွင်က အမြန်အဝတ်အစားလဲလိုက်တယ်။

ထမင်းစားရင်း စကားပြောနေတဲ့ မကြီးနဲ့ အမေတို့ရဲ့ စကားသံတွေကို ကြားရတယ်။ အမေလည်း စိတ်ပြေသွားပြီ ထင်ပါရဲ့။ စန္ဒာလွင်နဲ့ ဝိုင်းချစ်ရဲ့ ရယ်သံပါ ကြားရတယ်။

အဲ့ဒီအချိန်မှာပဲ လွင့်အိတ်ထဲက ဖုန်းက Ringtone အသံ မြည်လာတယ်။ ဖုန်းကို အိတ်ထဲက ထုတ်ကြည့်လိုက်တော့ ဖုန်းမျက်နှာပြင်ပေါ်မှာ ပေါ်နေတဲ့ နာမည်က "သက်အောင်" တဲ့။

ဒီဖုန်းကို အခုကိုင်ရင်ကောင်းမလား၊ ထမင်းစားပြီးမှ အေးအေးဆေးဆေး ပြန်ခေါ်လိုက်ရင် ကောင်းမလားလို့ တွေးလိုက်တယ်။ သက်အောင်က ဖုန်းပြောရင် ကြာတတ်တယ်။ အခုလည်း ပြောစရာရှိလို့ပဲ ဖြစ်မှာပေါ့။

စဉ်းစားနေတုန်းမှာပဲ ဖုန်းကို အလိုလို ကိုင်လိုက်မိတယ်။

"ဟဲလို"

"ဟဲလို. . . မမလွင် အားလား။ ဖုန်းပြောလို့ အဆင်ပြေလား"

"အားတော့အားပါတယ်၊ အရေးကြီးလား အောင်"

"သိပ်တော့ အရေးမကြီးပါဘူး။ ဒီလိုပါပဲ။ ထုံးစံအတိုင်းပေါ့။ မမလွင်ကို ပြောပြချင်တာတွေ ရှိလို့ ဆက်တာပါပဲ"

"ပြီးရင် ပြန်ဆက်မယ်လေ အောင်၊ ထမင်းစားလိုက်ဦးမယ်"

"ဟုတ်ကဲ့။ မဆက်ပါနဲ့ ရတယ်။ ကျွန်တော်ပဲ ပြန်ခေါ်လိုက်ပါမယ်"

"အင်းပါ ပြန်ခေါ်လိုက်နော်"

သက်အောင်က ဖုန်းချသွားတော့ သီတာလွင် သက်ပြင်းဖွဖွ ချတယ်။ မျိုးကျော့မြိုင်သီချင်းကတော့ *"လူဖြစ်ရတဲ့ ဒုက္ခ"* တဲ့။

သက်အောင်ကတော့ "ရုပ်ချောရတဲ့ ဒုက္ခ" ကြောင့် အမြဲပြဿနာတက်နေတယ်။

"ဆယ်ကျော်သက်ကျောင်းသူတွေကြားမှာ ပတ်ပြေးနေရတဲ့ မြန်မာစာ မဟာဝိဇ္ဇာတန်းကျောင်းသားဂိုက်ဆရာလေး ကိုသက်အောင်ရဲ့ မရိုးနိုင်တဲ့ ပုံပြင်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီတစ်ညလည်း နားသောတဆင်ရဦးမယ် ထင်ပါတယ်" လို့ သီတာလွင်က တွေးမိပြီး ပြုံးလိုက်မိတယ်။

မတတ်နိုင်ဘူးလေ။ ဒီလောကထဲကို သူ့ကို ကိုယ်ပဲ ခေါ်သွင်းခဲ့တာဆိုတော့ အောင် ပြောသမျှ လွင့်မှာ နားထောင်ဖို့ ဝတ္တရားရှိပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

သက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

"ဒီကောင်မလေးကို စာသင်မိတာ မြွေပွေး ခါးပိုက် ပိုက်မိသလိုပဲ" လို့ သက်အောင်က တွေးမိတယ်။ တော်တော်အဆိပ်ပြင်းတဲ့ မြွေမလေးပေါ့။ ဒါပေမဲ့ မြွေလို အဆိပ်ပြင်းတာကလွဲရင် အကုန်ကောင်းတယ်။ တကယ့်တန်ဖိုးရှိတဲ့ ကောင်မလေးပါ။

ရုပ်ရည်ရူပကာ၊ လူနေမှု အဆင့်အတန်း၊ မိဘမျိုးရိုး စသဖြင့် ပိုင်ဆိုင်ထားသမျှ မွေးရာပါအရည်အသွေးတွေက တစ်ခုမှ အပြစ်မရှိဘူး။ သိပ်လှလွန်းနေတာလည်း မက်မောစရာပဲ။ ဒါပေမဲ့ သက်အောင်အတွက်တော့ တပည့်က တပည့်ပါပဲ။ အဲ့ဒီထက်လည်း မပိုဘူး။ အဲ့ဒီထက်လည်း မလျော့ဘူး။ စိတ်ကို တည့်မတ်အောင် ထားရတယ်။

သူ့နာမည်လေးက "ပိုးသား" တဲ့။ သူ့ပါးပြင်လေးတွေက တကယ့်ပိုးသားလေးလို နူးညံ့အိစက်နေတယ်။ တစ်ခါတလေ သက်အောင် ငေးမိတတ်တယ်။ သိပ်ဖြူစင်တဲ့ ကလေးတစ်ယောက်ကို ငေးကြည့်မိသလိုပါ။

ဒါပေမဲ့ အဲ့ဒီအကြည့်တွေကို မိပိုးက ဖမ်းမိတတ်တယ်။ "ဘာကြည့်တာလဲ" လို့ မျက်လုံးလေးဝင့်ကြည့်ပြီး မေးတတ်တယ်။ ရင်ခုန်ရမလား၊ ရှောင်ပြေးရမလားဆိုတာ မတွေးတတ်အောင်ပဲ။

အစကတော့ မကြာခဏ ငေးမိတာပေါ့။ နောက်တော့လည်း မြင်ဖန်များ

mgyoe.com

mgyoe.com SAMPLE BOOK

တော့ သိပ်မဆန်းတော့သလို ဖြစ်လာပါပြီ။ ဒါပေမဲ့ သိပ်လှတယ်ဆိုတာတော့ ဝန်ခံရမယ်။

စမြင်ဖူးခါစကတော့ မြင်မြင်ချင်းမှာပဲ စိတ်ကလှုပ်ခနဲ ဖြစ်သွားဖူးတယ်။ ဒါပေမဲ့ ယိမ်းယိုင်တဲ့အတွေးကို တည့်မတ်အောင် ထားရင်း ပိုးပိုးကို တပည့်တစ်ယောက်ထက် မပိုမိဖို့ စိတ်ကို သတိပေးတယ်။ အခုတော့ ကိုယ့်အတွက် ပိုးသားက ကျောင်းသူကောင်း၊ တပည့်ကောင်းလေး ဖြစ်နေပါပြီ။ သက်အောင်တို့လို ပြင်ပစာသင်စားရတဲ့ လူတွေအတွက်က စာတော်တဲ့ကလေးကို သင်ခွင့်ရတာ ပေါက်မယ့် ထီလက်မှတ် ကိုင်စောင့်ရသလိုပဲ။ တကယ်အောင်မြင်ရင် နာမည်ကောင်းနဲ့ လမ်းပွင့်နိုင်တာမျိုးပေါ့။

ကောင်မလေးက ပညာ သိပ်တော်တယ်။ ဉာဏ်ကောင်းတယ်။ သူ့အနာဂတ်လမ်းကို ပုံဖော်ပေးနေသူတွေထဲမှာ ကိုယ်လည်း တစ်ယောက်အပါအဝင် ဖြစ်နေတော့ အကောင်းဆုံးလမ်းကို ဆွဲခေါ်ပေးဖို့ပဲ ရည်ရွယ်ပါတယ်။

စတွေ့ကတည်းက အခုအချိန်အထိ ထူးထူးချွန်ချွန်နဲ့ အောင်မြင်သွားဖို့က ကိုယ့်ရည်မှန်းချက်တစ်ပိုင်းပဲ။ တတိယနှစ် ဂုဏ်ထူးတန်းမှာ သေလုမြောပါးစာလိုက် လုပ်နေရတဲ့ ကိုယ့်အခြေအနေကိုတောင် တစ်ခါတလေ သိပ်ဂရုမစိုက်နိုင်ဘူး။ ပိုးသား မြန်မာစာဂုဏ်ထူးထွက်ဖို့က ပိုအရေးကြီးနေသလိုပဲ။

ပြောရရင်တော့ ဒီနှစ် ကိုယ်သင်ရတဲ့ ကျောင်းသားတွေထဲမှာ သူတစ်ယောက်ပဲ ဂုဏ်ထူးထွက်နိုင်ခြေရှိတာကိုး။

သက်အောင်ရဲ့ စာသင်သက်က ဒီနှစ် သုံးနှစ်မြောက် ဖြစ်လာပြီ။ ဝါသနာအရဆိုတာထက် စီးပွားရေးအရ ဒီလမ်းကို လျှောက်ဖို့ဖြစ်လာတယ်လို့ တွေးရမှာပဲ။ သက်အောင်က မွေးချင်းမောင်နှမ သုံးယောက်ထဲမှာ အကြီးဆုံးသားပေါ့။ အဖေက အစိုးရဌာနတစ်ခုမှာ ဦးစီးမှူးရာထူးနဲ့ အလုပ်လုပ်တယ်။ အမေကတော့ မှီခိုပဲ။ အဖေ့လစာလေးနဲ့ ကြားပေါက်ရတတ်တဲ့ အပိုငွေကြေးလေးကို စီမံခန့်ခွဲရင်း လောက်ငအောင် သုံးတတ်တာ အမေ့ရဲ့အရည်အချင်းပဲ။ လစဉ် ပိုလျှံတယ်လို့လည်း မရှိ။ လောက်ငရုံပါပဲ။ ဝန်ထမ်းအိမ်ရာတိုက်ခန်းမှာ နေရလို့သာ အိမ်လခ၊ မီးဖိုး၊ ရေဖိုးတွေ မပူရလို့သာ အသက်ရှုချောင်တာပါ။ မဟုတ်ရင်တော့ ရန်ကုန်ရဲ့ လူနေမှုပုံစံထဲမှာ လုံးလည်ချာလည် လိုက်နေမှာ မြင်ယောင်တယ်။ အခုတောင် သက်အောင်ရဲ့အောက်က အငယ်နှစ်ယောက်က အတန်းကြီး ရောက်လာပြီဆိုတော့ ကျောင်းလခ၊ ကျူရှင်ခတွေက စရိတ်ထောင်းစပြုနေပြီ။ သက်အောင်ကလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းမပြီးနိုင်သေးဘူး။

ဒီလိုတွေ နှစ်ရှည်ကျောင်းတက်နေရတဲ့ ဘဝကို မှန်သလား၊ မှားသလား လို့တောင် စတင်တွေးတောစပြုနေပြီ။ အဖေက ဘွဲ့တစ်ခုယူပြီးရင် သူလုပ်နေတဲ့ အစိုးရဌာနမှာပဲ ဝင်ခွင့်ဖြေပြီး အလုပ်ဝင်စေချင်တယ်။ ပြီးရင် ကိုယ့်တက်လမ်းကို အဆင့်ဆင့်ရှာပေါ့။ ဒါပေမဲ့ အမေက ပညာရေးကောင်းတဲ့ သက်အောင်ရဲ့ အနာဂတ်ကို ပညာတတ်တစ်ယောက်အဖြစ်သာ ရှင်သန်စေချင်တယ်။ ငယ်ငယ်က တည်းက သက်အောင်က စာတိုပေစလေးတွေပါ ရေးတော့ သက်အောင်ရဲ့ ပါရမီကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ပြီး တိုးတက်စေချင်သေးတယ်။ သက်အောင် ဆယ်တန်းအောင်တော့ ဂုဏ်ထူးနှစ်ဘာသာပါပြီး အမှတ်လည်း အတန်အသင့် ကောင်းတော့ အမေက ရန်ကုန်တက္ကသိုလ်ကို တက်ဖို့ တွန်းအားပေးခဲ့တယ်။

တက္ကသိုလ်ဘုန်းနိုင် ဝတ္ထုတွေ သိပ်ကြိုက်တဲ့ အမေက သက်အောင်ကို တက္ကသိုလ်ဆရာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဆရာဝန်ဖြစ်စေချင်တဲ့ အိပ်မက်ရှိခဲ့တယ်။ ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်ပြီဆိုတော့ တက္ကသိုလ်မတက်ဖူးတဲ့ အမေက တော်တော် ပျော်ခဲ့ဖူးတယ်။ အမေတို့ ခေတ်ကာလက ဆယ်တန်းအောင်ဖို့ ခက်ခဲလွန်းတဲ့ ပညာခေတ်ဆိုတော့ အမေက ဆယ်တန်းမအောင်ဘဲ လက်လျှော့ခဲ့ရတဲ့ အတိတ်ရှိခဲ့ဖူးတယ်။ အဲ့ဒီတော့ အမေက သူမဖြစ်ခဲ့သမျှ အိပ်မက်အကုန်လုံးကို သက်အောင် ဆယ်တန်းအောင်တော့ ဖြစ်စေချင်တာပါပဲ။ ရန်ကုန်တက္ကသိုလ်မှာ ထူးချွန်ကျောင်းသားအဖြစ် ဝင်ခွင့်ရဖို့ အမေက သက်အောင်ကို စာကြိုးစားဖို့ အမြဲတွန်းအားပေးခဲ့တယ်။

သက်အောင်ကိုယ်တိုင်ကလည်း မြန်မာစာချစ်မြတ်နိုးစိတ်ရှိတော့ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာကျောင်းသားအဖြစ် တက်ရတာကို ဂုဏ်ယူနေခဲ့ပါတယ်။ ပထမနှစ်၊ ဒုတိယနှစ်ကျောင်းသားဘဝမှာ ထိုက်သင့်သလောက် ပျော်ခဲ့ဖူးတယ်။

ဒါပေမဲ့ သက်အောင် တက္ကသိုလ်တက်ရတာက အများနည်းတူ မဟုတ်ခဲ့ဘူး။ သတ်မှတ်ချက်နဲ့ရတဲ့ မုန့်ဖိုး၊ လမ်းစားရိတ်နဲ့ လောက်ငအောင် သုံးရတယ်။ ကန်တင်းတစ်ခါထိုင်စာ မုန့်ဖိုးပဲ ရှိတယ်။ ယောကျ်ားလေးဆိုတော့ ပကာသန နည်းနည်းနဲ့ ပျော်လို့ရတယ်။ ဗာဟီရ မများဘူးပေါ့။

နောက်တစ်ခု ကံကောင်းတာက သက်အောင်က ရုပ်ချော၊ သဘော ကောင်းတယ်။ မြင်သူမေတ္တာရှိတဲ့ ရုပ်ထွက်မျိုးပေါ့။ တည်တည်ငြိမ်ငြိမ် အကျင့်စရိုက် ရှိတယ်။ ဒါပေမဲ့ ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ပထမနှစ်ကတည်းက မေဂျာကင်း (Major King) အရွေးခံရမယ့်ကိစ္စကို သက်အောင်က လက်ရှောင်ခဲ့တယ်။ မြန်မာစာမေဂျာတင်မက တခြားမေဂျာတွေနဲ့ ယှဉ်ရင်ပါ သက်အောင်ရဲ့ ရုပ်က အပြတ်အသတ်ကွာနေတာ သူငယ်ချင်းတွေက သိတယ်။ ဒါပေမဲ့ သက်အောင်က လူသိများ၊ အနေကျပ်ရမှာကို မလိုလားဘူး။ အဲ့ဒီတော့ မေဂျာကင်း အရွေးခံရမယ့် ကိစ္စတိုင်းကို ရှောင်ပြေးတယ်။ ကျောင်းမလာဘဲ နေခဲ့ဖူးတယ်။ ဒါပေမဲ့ အဲ့ဒီလို ရှောင်နေခဲ့တာကိုပဲ ပိုပြီး လူသိများစေခဲ့သလားတော့ မသိပါဘူး။ မြန်မာစာမေဂျာမှာ ကင်း အရွေးမခံဘဲ ပတ်ပြေးနေတဲ့ ကျောင်းသား ရှိတယ်လို့ တစ်ယောက်စကား၊ တစ်ယောက်နားနဲ့ လူသိများပြီး လာကြည့်ကြတဲ့ ကျောင်းသူတွေက မနည်းဘူး။ ပထမနှစ်ကျောင်းသားဘဝမှာ သက်အောင် မျက်နှာပွင့်ခဲ့တဲ့ အချိန်တွေပေါ့။

ဖေ့စ်ဘွတ်ခ်ပေါ်က ကျောင်းပေ့ချ်တွေမှာ အဲ့ဒီတုန်းက မကြာခဏ သူ့ဓာတ်ပုံ ပါလာတတ်တယ်။ သက်အောင် နေထိုင်ပုံ၊ ဝတ်ပုံစားပုံကလည်း သူ့ကို လူပိုစိတ်ဝင်စားစေတယ်။ တကယ်တော့ သက်အောင် အမေက သူ့သားကြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားဖြစ်တော့မယ်လို့ သေချာတဲ့အချိန်ကစပြီး လိုက်ဖက်မယ့် ရှပ်အင်္ကျီနဲ့ ပုဆိုးအစုံလိုက်ကို ဆယ်စုံ ချုပ်ပေးထားတယ်။ သက်အောင်ရဲ့ အသားအရည်က ဝါညက်ညက် ဗမာအသားအရည်ဆိုတော့ သားလူပျိုကြီးကို အမေ့မျက်စိထဲမှာ အဆင်ကောင်းကောင်းနဲ့ အရောင်လှလှလေးတွေ ဆင်ပေးလိုက်တာပါပဲ။

သက်အောင်အမေမှန်းတာကတော့ တစ်နှစ်ပတ်လုံး အဲ့ဒီဆယ်စုံနဲ့ ကျောင်းတက်ဖို့ လုံလောက်ပြီ ဆိုပြီး တွေးလိုက်တာပါ။ ဒါပေမဲ့ အမေက အဆင်ကောင်းတော့ အဲ့ဒီလို ပုဆိုးအရောင်စိုစိုလေးတွေနဲ့ ရှပ်အင်္ကျီအရောင်လွင်လွင်လေးတွေ တွဲဖက်ဝတ်တာကိုပဲ သက်အောင်ရဲ့ ဖက်ရှင်လိုလို ကောင်မလေးတွေက မျက်စိကျကြတယ်။ ပထမနှစ်တစ်နှစ်လုံးက သက်အောင်တက်တဲ့ အခန်းရှေ့မှာ ဖြတ်သွား၊ ဖြတ်လာ ကောင်မလေးတွေနဲ့ တော်တော်စည်ကားတယ်။

တစ်ခန်းထဲမှာ အတူကျောင်းတက်နေတဲ့ မေဂျာကင်းဖြစ်တဲ့ သန်းထိုက်အောင်က "သက်အောင် မင်းရှိနေတာ ငါပါ ငုတ်တယ်" လို့ အရွှန်းဖောက်ပြီး ပြောဖူးတယ်။ ယောကျ်ားချင်း မနာလိုစိတ်မရှိ။ ကောင်မလေးတွေနဲ့ အခန်းရှေ့မှာ စည်စည်ကားကားဖြစ်နေရင်ကို အတန်းထဲက ယောကျ်ားလေးတွေက အလိုလို ပွဲကျနေတာမျိုး။

mgyoe.com SAMPLE BOOK

သူငယ်ချင်းတွေက သက်အောင်ကို "ဖိုးစွံ" လို့ နာမည်ပြောင် ပေးထား တယ်။ တစ်ခါတလေကျ "ကိုစန်းပွင့်" လို့ခေါ်ကြပြန်တယ်။

ဒုတိယနှစ်လောက်ရောက်မှ ကောင်မလေးတွေကြားမှာ သက်အောင်ရဲ့ သတင်းက နည်းနည်းငြိမ်သွားတယ်။ နှစ်တက် ပထမနှစ်ကျောင်းသူလေးတွေ ကတော့ အခန်းရှေ့ဖြတ်လျှောက်ပြီး လာကြည့်တတ်သေးတယ်။

အဲ့ဒီတော့ တက္ကသိုလ်နယ်မြေက သက်အောင်အတွက် အိပ်မက်ဆန် တဲ့ အပျော်တွေရှိတယ်လို့ ပြောလို့ရပါတယ်။ ခပ်ချောချောမျက်နှာနဲ့ အနေအထိုင် လည်း တည်ကြည်တော့ ရွယ်တူသူငယ်ချင်းတွေကြားမှာလည်း မေတ္တာဓာတ်ခံ ကောင်းကောင်းရှိပြန်တယ်။

ဒါပေမဲ့ ကိုယ့်ဝမ်းနာ၊ ကိုယ်သာသိ ဆိုသလိုပဲ သက်အောင်ရဲ့ ဘဝအစစ် ကတော့ အိပ်မက်မဆန်ပါဘူး။ သူ့အောက်က ညီနဲ့ ညီမက အတန်းကြီးလာတော့ လစဉ်အသုံးစရိတ်တွေက တက်လာတယ်။ အငယ်နှစ်ယောက်လုံးက သက်အောင် ထက် ပညာပိုတော်နေကြတော့ မိဘတွေကလည်း တတ်နိုင်သလောက် ထောက်ပံ့ ပေးချင်ကြတယ်။

အဲ့ဒီတော့ အမေ့မှာ သားကြီးဖြစ်သူကို တက္ကသိုလ်ဆရာဖြစ်ရေး ပံ့ပိုး ပေးချင်တာက တစ်ဖက်၊ အငယ်နှစ်ယောက်ကို ပိုထူးချွန်စေချင်တာက တစ်ဖက်၊ လောဘနဲ့ ဆန္ဒကြားမှာ လုံးလည်ချာလည်လိုက်နေတယ်။ သက်အောင်ကိုယ်တိုင် ကလည်း ကိုယ့်ပညာရေး ခရီးလမ်းနဲ့ တက္ကသိုလ်ဆရာဖြစ်ရေးဆိုတဲ့ကိစ္စကို မျှော် တွေးကြည့်တော့ ရင်းနှီးရမယ့် အချိန်ကာလက မနည်းလှဘူး။

အမေတို့က အဲ့ဒီအချိန်အထိ တောင့်ခံထားနိုင်ပါ့မလား ဆိုတာ တွေးမိ တဲ့အခါ တိတ်တဆိတ် သက်ပြင်းချတယ်။ နောက်ထပ်ရွယ်တူ သူငယ်ချင်းတွေ ကြားမှာ ကိုယ့်ဘဝနောက်ခံကို ယှဉ်တွေးပြန်တော့ မပြည့်စုံခြင်းက ရင်မောစရာ ဖြစ်ပြန်တယ်။

အရင်းနှီးဆုံးပေါင်းတဲ့ သူငယ်ချင်းလေးယောက်လုံးက ကိုယ်ပိုင်ကား ကိုယ်စီနဲ့ ကျောင်းတက်နိုင်တဲ့ လူတွေချည်းပဲ။ သူတို့ကမှ အမေပြောတဲ့ ဝတ္ထုတွေ ထဲက တက္ကသိုလ်ကျောင်းသားဘဝ(University Life) ဆိုတာကို အပြည့်အဝ ရနေကြတာမျိုးလို့ သက်အောင်က တွေးမိတယ်။ ကိုယ့်ဘဝနဲ့ တခြားစီပါ။

ကိုယ်ကတော့ တစ်နေ့ပြီးတစ်နေ့ သူငယ်ချင်းတစ်ယောက်ယောက် ကား နဲ့ လမ်းကြုံလိုက်ရင်း မသိမသာ သက်ပြင်းခိုးချနေရတဲ့ ဘဝဖြစ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားလေးတွေဆိုတော့ သိတဲ့အတိုင်းပဲ ဘော်ဒါစိတ်အပြည့်ရှိတယ်။ မရှိစကားဆိုတာ မရှိရလေအောင် စားအတူ၊ သွားအတူ နေကြရလို့ ပျော်တဲ့အခါ သတိလက်လွတ်ပျော်ပေမဲ့ ကိုယ့်ဘဝအစစ်ထဲ ပြန်ရောက်သွားတဲ့အခါ ကိုယ့်ဘဝ ကိုယ်သိဆိုတဲ့ ဘဝမမေ့တဲ့စိတ်ကို သက်အောင်က အမြဲတွေးမိတယ်။ မတွေးမိလို့လည်း မရဘူး။

အဖေက ဆေးခွင့်နဲ့ ရုံးကို အချိန်ပြည့်မတက်နိုင်တော့ဘဲ အိမ်မှာ အနားယူနေတဲ့ အခြေအနေတစ်ခုဖြစ်လာတယ်။ ပြင်ပစီးပွားရေး မလုပ်တတ်တဲ့အမေက မျက်နှာသိပ်မလန်းတဲ့ အချိန်တွေ ရှိလာတယ်။ သက်အောင်က သားအကြီးဆုံးဖြစ်ပြီး အိမ်စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက မကူနိုင်တဲ့အခါ ကိုယ့်ကိုယ်ကို စိတ်မသန့်သလို ခံစားလာရတယ်။ တစ်ခုခုအထောက်အကူ ဖြစ်ချင်တယ်။ သက်အောင်က သူလုပ်နိုင်တာ ဘာရှိသလဲလို့ တွေးမိတဲ့အခါ ရန်ကုန်တက္ကသိုလ်ကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်ကလွဲရင် ဘာမှမရှိဘူး။ အပိုအရည်အချင်းလို့ မရှိဘူး။

အဲ့ဒီလိုနဲ့ မမလွင် စာသင်နေတာကို သတိရလိုက်ပြီး စာကျက်ဝိုက်ဖြစ်ဖြစ် လုပ်ရင် ရနိုင်မလားလို့ ဖုန်းဆက်မေးလိုက်တယ်။ ဝင်ငွေရတဲ့ အလုပ်တစ်ခု လုပ်ချင်ကြောင်း ရင်ဖွင့်မိတယ်။

မမလွင်ရဲ့အမေနဲ့ သက်အောင်အမေတို့က မွေးရပ်ဇာတိတူတဲ့ ငယ်သူငယ်ချင်းတွေပေါ့။ မမလွင် အဖေမဆုံးခင်ကတော့ ရန်ကုန်မှာ တစ်မြို့နယ်တည်းမှာ အတူနေကြတယ်။ အမြဲတွေ့ဖြစ်ကြတာမျိုးပေါ့။ အိမ်ကို အဝင်အထွက် အမြဲရှိကြတယ်။ နောက်တော့ မမလွင်ရဲ့ အဖေဆုံးပြီး အိမ်လည်း အပေါင်ဆုံးတော့ မမလွင်တို့မိသားစုက ရန်ကုန်မြို့စွန် မြို့နယ်တစ်ခုကို ပြောင်းသွားကြတယ်။ အတွေ့ကျဲသွားတယ် ဆိုပါတော့။

ဒါပေမဲ့ အမေချင်း ဖုန်းအဆက်အသွယ်တော့ အမြဲရှိပါတယ်။ မမလွင်ဆီ အရဲစွန့်ပြီး ဖုန်းဆက်ပြောမိတော့ မမလွင်က ပထမတော့ အံ့ဩနေသေးတယ်။ အစိုးရဌာနတစ်ခုရဲ့ ဦးစီးမှူးသား၊ သားသားနားနားနေနိုင်သူက အလုပ်လုပ်ချင်တယ် ပြောတော့ ထူးဆန်းနေမှာပဲ။ မမလွင်က သက်အောင်နဲ့ သီးသန့်တစ်ရက်ဆုံဦးမယ်လို့ ပြောပြီး ဖုန်းချသွားတယ်။ တကယ်တွေ့ဖြစ်တော့ သူထင်တာထက် မမလွင်က ပိုပြီး ဖော်ရွေတယ်။ အရင်က အိမ်လည်သွားရင်း ရင်းနှီးရုံစကားပြောဖူးသူ နှစ်ယောက်က အလုပ်စကားပြောကြတော့ အသွင်တစ်မျိုးနဲ့ မြင်ရတာမျိုး

mgyoe.com SAMPLE BOOK

ပေါ့။ စကားပြောမိချိန် တစ်နာရီလောက်အတွင်းမှာပဲ မမလွင်ကို အားကိုးယုံကြည်ရမယ်လို့ သက်အောင်က ဆုံးဖြတ်ချက်ချမိတာပါပဲ။

အဲ့ဒီလိုနဲ့ ပထမနှစ်ဂုဏ်ထူးတန်းကျောင်းသားဘဝမှာ မမလွင်ရဲ့ နေရာချထားမှုနဲ့ ဂိုက်ဆရာဘဝကို သက်အောင်က စတင်ခြေလှမ်းခဲ့တော့တယ်။ တက္ကသိုလ်ကျောင်းသားဘဝနဲ့ ပထမဆုံး ဘဝထဲကို ခြေစုံပစ်ဝင်ရောက်ခဲ့တော့တာပါပဲ။

ဘာတွေ အခက်အခဲရှိခဲ့သလဲဆိုရင်တော့ ပထမနှစ် ပထမဆုံးသင်ရတဲ့ ကျောင်းသူတစ်ယောက်နဲ့တင် သက်အောင် ချာချာလည်ဖြစ်ခဲ့ဖူးပါတယ်။ ကျောင်းသားတွေနဲ့က ကိစ္စမရှိပေမဲ့ သင်ရသမျှ ကျောင်းသူတိုင်းနဲ့ ကိစ္စရှိနေတာက သက်အောင်အတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်လာပါတယ်။

သက်အောင်ရဲ့ အခင်ဆုံး သူငယ်ချင်းဖြစ်တဲ့ ဒီပါက ပြောဖူးတယ်။

"ဘာ. . . မင်းက ဆယ်တန်းကျောင်းသူကို စာသင်မလို့ ဟုတ်လား။ လိုရင် ငါ့ဆီက ယူသုံးပါကွာ။ ကောင်မလေးတွေကိုတော့ မင်းမျက်နှာကြီး ပြပြပြီး ဒုက္ခမပေးပါနဲ့"

ဒီပါက ရွတ်နောက်နောက် ပြောတော့ သက်အောင်က ရယ်ကျဲကျဲလုပ်နေတယ်။

ပြီးတော့ မမလွင်ကလည်း ပြောဖူးတယ်။

"အင်း. . . အောင့်ကို ပြောရတာတော့ အားနာပါရဲ့။ ကျောင်းသူတွေနဲ့တော့ အနေအထိုင် ဆင်ခြင်နော်။ အောင့်ကို အလုပ်ချိတ်ပေးရတာ မလွင်တော့ ဘုရားတ,နေရမလားပဲ။ ဖြစ်နိုင်သမျှတော့ ကျောင်းသားတွေနဲ့ပဲ ချိတ်ပေးပါမယ်နော်"

အပြောခံရတုန်းကတော့ သက်အောင်က ယောက်ျားမာနနဲ့ ရင်ထဲမှာ ကျိတ်ပြီး စိတ်ဆိုးဖူးတယ်။ မပြောရဲလို့သာ ပြန်မပြောဖြစ်ခဲ့တာပါ။ အဲ့ဒီတုန်းက စာသင်သက်မရှိသေးတဲ့ မအူမလည် ကျောင်းသားဘဝဖြစ်နေတော့ လက်တွေ့အလုပ်သဘောကို နားမလည်။

အလုပ်လုပ်တာကြာလေ မမလွင် ပြောတာတွေ မှန်လေဆိုတာ ပိုသိလာရတယ်။ ဂိုက်ဆရာဖြစ်ပြီး ပထမနှစ်လလောက်မှာပဲ အိမ်သင်ဆရာဘဝရဲ့ အတွေ့အကြုံဆန်းတွေကို စတင်တွေ့ကြုံရတော့တာပါပဲ။

ပထမဆုံးသင်တဲ့ ပထမဆုံးကျောင်းသူကို နှစ်လပဲ သင်ခွင့်ရပြီး မိဘက

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်မသင်စေချင်တော့တဲ့ အကြောင်းပြချက်ကြောင့် သက်အောင် အလုပ်နားလိုက်ရတယ်။

ပထမတော့ စာသင်သက်နုသေးတော့ သင်ကြားရေး မအောင်မြင်လို့ အနားခံရတယ် ထင်ပြီး သက်အောင်စိတ်ဓာတ်တွေ ကျဆင်းခဲ့ရတယ်။ မမလွင်ကို ရင်ဖွင့်ပြီး ပိုကြိုးစားမယ့်အကြောင်း ပြောပြမိတယ်။ သူ့ကြောင့် မမလွင် မျက်နှာပျက်ရမှာပဲ ဆိုပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်။

ဒါပေမဲ့ နောက်အပတ်မှာ မမလွင်နဲ့ ဆိုင်တစ်ဆိုင်မှာ ဆုံဖြစ်တော့ မမလွင်က မျက်နှာပြုံးစိစိနဲ့ သက်အောင်ကို ကြည့်တယ်။ ပြီးတော့ ရယ်တော့တယ်။

"ကျွန်တော်အလုပ်နားခံရတာ ပျော်လို့လားဗျာ"

"မဟုတ်ပါဘူး။ အဖြစ်က ရယ်ချင်စရာကြီးမို့ပါ"

မမလွင်က တွေ့လိုက်ရင် အမြဲပြုံးပြုံးရယ်ရယ်ပါပဲ။ ဒူပေဒဏ်ပေဖြစ်နေတဲ့ ဘဝမှာ မမလွင်တစ်ယောက် ရယ်ရယ်မောမော ဘယ်လိုဖြတ်သန်းလဲလို့ သက်အောင် အမြဲတွေးဖူးပါတယ်။

"ဘယ်လို ရယ်စရာကောင်းလို့လဲ။ မေမေကသာ တက္ကသိုလ်ဆရာဖြစ်စေချင်နေတာ။ ကျွန်တော့်မှာက ပထမဆုံးစာစသင်တာ အလုပ်ပြုတ်ရတယ်လို့။ အကျိုးမပေးဘူး ထင်ပါတယ်"

"မဆိုင်ပါဘူး အောင်ရယ်။ အခုအလုပ်နားရတယ်ဆိုတာက စာမသင်တတ်လို့၊ စာသင်မကောင်းလို့မှ မဟုတ်တာ"

"နှစ်သိမ့်မနေပါနဲ့ မမလွင်ရာ။ မကောင်းလို့ ပြုတ်တာပေါ့ဗျာ"

"ဩော် သူကဖြင့် ဘာမှမသိဘဲနဲ့။ မင်းက စာသင်မကောင်းလို့ ဆက်မသင်ရတော့တာမှ မဟုတ်တာ"

"အဲ့ဒါဆို ဘာဖြစ်လို့လဲ"

"ဆရာက အရမ်းချောနေလို့ သူ့သမီးက စိတ်ကစားနေလို့ပါတဲ့ ရှင်းပြီလား"

"ဗျာ"

သက်အောင်မှာ ဘာမှဆက်မပြောနိုင်။ မမလွင် စကားကိုကြားပြီး စိတ်ညစ်ရခက်၊ အော်ရယ်ရခက်နဲ့ မအီမလည် စိတ်ဖြစ်ပြီး ဆွံ့အ,သွားတော့တယ်။

ဘဝမှာ ပထမဆုံး အလုပ်စလုပ်ပြီး "ရုပ်ချောလို့ အလုပ်ပြုတ်တယ်" ဆိုတဲ့ သက်အောင်ရဲ့အဖြစ်ကို သူငယ်ချင်းတွေ ပြန်သိကြတော့ ခုနစ်ရက်လောက်

mgyoe.com

mgyoe.com

မျက်နှာမြင်တိုင်း ခွက်ထိုးခွက်လန် ရယ်ကြတော့တာပါပဲ။ စကားစပ်မိတိုင်း ပြန်ပြော ဖြစ်ရင် သူငယ်ချင်းတွေကြားမှာ ရယ်လို့မဆုံးဖြစ်ကြတယ်။

အဲ့ဒီပထမဆုံး စာသင်ရတဲ့ တပည့်မလေး တက္ကသိုလ်ကျောင်းသူဖြစ် လာတော့လည်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လာရှာတွေ့လို့ ကန်တင်းမှာ ဧည့်ခံကျွေးမွေးလိုက်ရတယ်။ သက်အောင်မှာ ရည်းစားရှိပါတယ်ဆိုပြီး သူငယ် ချင်းတွေက ဂွင်ဆင်ပြောပေးရတယ်။

ပထမဆုံးတပည့်ကို ရည်းစားဦး တော်ရတော့မယ့်အရေးကို သက်အောင် တစ်ယောက် ပတ်ရှောင်ရတယ်။ သင်ကြားရေးလောကကို မဝင်ခင်မှာပဲ ပတ်ပြေး ရတဲ့ အလုပ်ကို စလုပ်ရတော့တာပါပဲ။ မပြေးနိုင်တော့လည်း အတွေ့အကြုံရင့်နေ တဲ့ မမလွင်ဆီ ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းသင့်တောင်းရတာပေါ့။

တပည့်မတွေနဲ့တော့ ရည်းစားမဖြစ်ချင်ပါဘူး။ ကိုယ့်မှာလည်း ညီမလေး ရှိလို့ ကိုယ်ချင်းစာနာမိတယ်။ ပြီးတော့ သူသင်ရတဲ့ ကလေးမလေးတွေက ဘဝ ဆိုတာကို ဘာမှန်းမသိ၊ ရွှေဇွန်းကိုက် မွေးလာတဲ့ သူဌေးသမီး (Rich Kid) လေး တွေပါ။ သူတို့မှာ စိတ်ကူးယဉ်စရာ ဆယ်ကျော်သက်ဘဝကလွဲလို့ ဘာရှိမှာလဲ။

လိုချင်တာရှိရင် ရချင်မယ်။ မလိုချင်တာဆိုရင် ငြင်းပယ်နိုင်တယ်။ လက် သင့်မခံဘဲ နေလို့ရတယ်။

အရွယ်တူ၊ ဘဝတူတွေကြားမှာ ခေါင်းတစ်လုံးသာပြီး မော်ကြွားလို့ရတဲ့ ဘဝတွေကို ပိုင်ဆိုင်ထားကြတယ်။ သက်အောင်ဆိုတာ သူတို့လိုချင်တဲ့ သက်ရှိ လူသား အရုပ်တစ်ရုပ်လိုပဲ ဖြစ်နေမှာပေါ့။

"ဆရာ. . . ဆရာ. . ."

မိပိုးက သက်အောင် လက်မောင်းကို ဘောလ်ပင်နဲ့ အသာလေး ရိုက် ပုတ် လိုက်တယ်။

"ဆောရီး. . ."

"ခေါ်တာ မကြားဘူး။ ဆရာ့စိတ်တွေ ဘယ်ဆီသို့ ရောက်နေပါသလဲ ရှင့်"

ပိုးပိုးအသံလေးက သာသာယာယာနဲ့ ခနဲ့သံလေး ပါတယ်။

"ဘယ်ဆီကိုမှ မရောက်ဘူး"

"ဩော် ဒါဆို တရားမှတ်နေတာလား"

"ဟာ ဒီကောင်မလေးတော့။ ဒါပြီးရင် နောက်ကဗျာတစ်ပုဒ် ဆက်

mgyoe.com SAMPLE BOOK

တက်မှာ။ အမှတ်ခြစ်နေတုန်း ကဗျာကြိုဖတ်ထား"

"ဟုတ် ကဲ့ ပါ"

ပိုးပိုးက ရွှဲ့တဲ့တဲ့ အသံလေးနဲ့ ပြောပြီးတော့ ကဗျာစာအုပ်ကို ရှာတယ်။ ပြီးတော့ ဖွင့်ဖတ်တယ်။

သက်အောင်က အမှတ်ခြစ်နေရင်း ပိုးသားရဲ့လက်ရေး အရမ်းလှတာကို စိတ်ထဲက ချီးကျူးမိတယ်။ မိပိုးရဲ့စာအုပ်ကို စစ်ရတိုင်း အမြဲစိတ်ချမ်းသာရတာချည်းပဲ။

ဒီကောင်မလေးက လာခြင်းကောင်းသော ကလေးမလေး၊ သူ့ဘဝမှာ မကောင်းတာ ဘာမှမရှိပါလားလို့ တွေးမိပြီးမှ သက်အောင်က ကျွံထွက်သွားတဲ့ သူ့အတွေးတို့ကို ပြန်ရုပ်သိမ်းလိုက်မိပါတယ်။

လက်ရှိ သူ သင်ဖူးသမျှ တပည့်တွေထဲမှာတော့ ပိုးသားက အတော်ဆုံးပါပဲ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၆)

"ဒီလအတွက် လစာပါ ဆရာ"

"ဟုတ်ကဲ့"

သက်အောင်က လစာစာအိတ်ကို တရိုတသေယူပြီး ကျောပိုးအိတ်ထဲ ထည့်လိုက်တယ်။

"ထိုင်ပါဦး ဆရာ။ အအေး သောက်ပါဦး"

"ဟုတ်ကဲ့ခင်ဗျ"

ပိုးပိုးအမေက သက်အောင်အမေထက် အများကြီးငယ်သေးတယ်။ တကယ့်အချောအလှ သူဌေးကတော်ပေါ့။ သူဌေးသမီးဘ၀ကနေ သူဌေးကတော် ဆက်ဖြစ်တာဆိုတော့ လှပြီးရင်း လှနေဖို့ကလွဲရင် ဘာရှိမှာလဲ။ သက်အောင် ဖေဖေနဲ့ မေမေကတော့ အသက်အရွယ်တစ်ခုရောက်မှ အိမ်ထောင်ကျတာဆိုတော့ သားသမီးတွေနဲ့ မိဘကြား အရွယ်ကွာဟမှု ရှိနေတယ်။ အမေလည်း ဒီအရွယ် လောက်လေးဖြစ်ရင်ကောင်းမှာပဲလို့ သက်အောင်က တွေးမိဖူးတယ်။

ပိုးပိုးအမေက သက်အောင်အပါအ၀င် ဆရာတွေနဲ့ ဒီလိုပဲ တစ်လ တစ်ကြိမ်လောက် စကားစမြည် ပြောတတ်ပါတယ်။

"ပိုးပိုး အခြေအနေကောင်းရဲ့လား ဆရာ။ အခု တစ်လပိုင်းလည်း ရောက် နေပြီဆိုတော့ ရင်ပူလာပြီ ဆရာရေ။ ဆရာဂုဏ်ထူးထွက်ခဲ့တဲ့ နှစ်ဘာသာကတော့

mgyoe.com

mgyoe.com
SAMPLE BOOK

သမီးလည်း ဂုဏ်ထူးထွက်မှ ဖြစ်မှာနော် ဆရာ"

"ကျွန်တော်လည်း ထပ်တူထပ်မျှ ရင်ပူပါတယ် အစ်မရယ်" လို့ စိတ်ထဲကတော့ ပြောမိပါတယ်။ နှုတ်ကတော့ ဖွင့်မပြောဖြစ်။ အပြုံးချိုချိုနဲ့ပဲ နေလိုက်တယ်။

"ထွက်မှာပါ အစ်မ။ ပိုးပိုး အခြေအနေက အားရစရာပါ"

"အင်း တွေ့တဲ့ဆရာတိုင်းကတော့ ဒီလိုပဲ ပြောကြတာပဲ ဆရာရေ။ ဒါပေမဲ့ ကျွန်မက စိတ်ပူတယ်"

"ဟုတ်ကဲ့"

တကယ်တော့ သက်အောင်က ကျောင်းသားမိဘတွေ အဲ့ဒီလို ညည်းချင်းချရင် စကားတွေတန်ဆာဆင်ပြီး ပြန်မပြောတတ်ဘူး။ ဖြစ်ရပါစေမယ်လို့ အာမခံပေးဖို့ကလည်း စာမေးပွဲခန်းထဲကို ကိုယ်ကဝင်ဖြေရမှာမှ မဟုတ်တာ။ ဒါအမှန်ပဲ။ ပြီးတော့ အခုမှ စာသင်သက်က သုံးနှစ်ပဲ ရှိသေးတာဆိုတော့ ကျောင်းသားမိဘများနှင့် စကားပြောရခြင်း အတတ်ပညာဆိုတာကိုလည်း သက်အောင်က သေချာမကျွမ်းကျင်သေးဘူး။ ရင်ပူနေတဲ့ မိဘတွေကို ရင်အေးအောင် ပြောတတ်ချင်ပေမဲ့ ကိုယ်တိုင်က မပြောနိုင်တဲ့ အဖြစ်မျိုးပဲ။

ဒီလိုအချိန်တွေကျရင် မမလွင်ကို ချက်ချင်းသတိရမိတယ်။ မမလွင်တို့ကျတော့ အတွေ့အကြုံရှိပြီးသားဖြစ်တော့ တော်တော်သွေးအေးနိုင်တယ်။ သက်အောင်ကျတော့ ကျောင်းသားမိဘက ကိုယ့်ကို အပူတိုက်ရင် လိုက်ပူနေမိတဲ့ အခြေအပေ ရှိသေးတယ်။

မိဘလည်း ပူ၊ ကိုယ်တိုင်လည်း ပူ၊ မပူမပင် ဖြတ်သန်းနေတာက ကျောင်းသားကိုယ်တိုင်ပါပဲ။

ပူနေတဲ့ရင် အေးအောင်လို့ သက်အောင်က အအေးခွက်ကို မော့သောက်ပစ်လိုက်ချင်တယ်။

"ဘယ်လိုလဲ ဆရာ။ မိပိုး စာလိုက်နိုင်ရဲ့လား"

ဟော. . . လာပြန်ပြီ တစ်ယောက်လို့ တွေးပြီး သက်အောင်က ကျင့်သားရနေတဲ့ အပြုံးနဲ့ လှည့်ကြည့်လိုက်မိတယ်။ ခမ်းနားထည်ဝါတဲ့ ဧည့်ခန်းထဲကို ခန့်ခန့်ထည်ထည်ကြီး လမ်းလျှောက်ဝင်လာတာက ပိုးသားရဲ့အဘွားပါ။

"အခုပဲ သမီးမေးနေတာ မေမေရေ. . .။ ဆရာကတော့ လိုက်နိုင်ပါတယ် တဲ့"

"အင်း မလွယ်ဘူး။ မလွယ်ဘူး ဆရာရေ။ မိပိုး ဆယ်တန်းစာမေးပွဲပြီးမှပဲ

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားတို့လည်း ခေါင်းဖြောင့်အောင် အိပ်နိုင်တော့မှာပဲ။ ငယ်ငယ်ကတည်းက တော်လည်းတော်တဲ့ ကလေးဆိုတော့ စောင့်ကြည့်နေတဲ့ မျက်လုံးတွေက မနည်းဘူး ဆရာရေ။ အဘွားအချင်းချင်းတွေ့ရင် မြေးအခြေအနေချင်း ပြိုင်ရတာမျိုး ဆရာရေ။ အသက်သာကြီးတယ်။ ဒီကိစ္စမျိုးကျ တရားမရနိုင်ကြဘူး"

အဘွားက ပြောလည်း ပြောရင်း ဆိုဖာမှာ ဝင်ထိုင်တယ်။ ပြီးတော့ သူ့စကားသူ သဘောကျပြီး ရယ်နေလေရဲ့။

"မေမေကလည်း ဖြစ်သင့်သလောက်တော့ ဖြစ်မှာပေါ့။ ဆရာကောင်းတွေချည်း ခေါ်ပေးထားတာပဲကို"

"ဟုတ်ပါတယ်။ ဒါပေမဲ့ လူ့လောဘတွေက အဲ့ဒီလိုပဲ ဖြစ်နေတာကိုး သမီးရဲ့"

"ဟုတ်တယ် ဆရာ။ ကျွန်မလည်း သူငယ်ချင်းတွေနဲ့တွေ့ရင် ပိုးပိုးအကြောင်း သတင်းမေးခံနေရတာပဲ။ ပိုးပိုးက ငယ်ငယ်ကလောက် မတော်ပါဘူးလို့ပဲ လျှော့ပြောထားရတယ်။ မှန်းသလောက်မဖြစ်ရင် ကလေးမျက်နှာငယ်ပါတယ် ဆရာရယ်။ သူနဲ့ ထိုက်သလောက်ရရင် ကျွန်မကတော့ ကျေနပ်ပါတယ်"

"ဟုတ်ကဲ့"

သူတို့သားအမိချင်း အပြန်အလှန်ပြောနေတာကို နားထောင်ပြီး ဘာဝင်ပြောရမှန်း မသိတာနဲ့ သက်အောင်က အအေးခွက်ထဲက လက်ကျန်အအေးကို ထပ်မော့သောက်လိုက်တယ်။

"ဒါနဲ့ ဆရာက တက္ကသိုလ်မှာ ဂုဏ်ထူးတန်းတက်နေတာဆို"

"ဟုတ်ကဲ့ အဘွား"

"အမလေး အဘွားတို့ခေတ်တုန်းကများဆို အဲ့ဒီလို ဂုဏ်ထူးတန်းကျောင်းသားဆိုရင် တကယ့်ရွှေမင်းသားပေါ့၊ ရှားမှ ရှားပဲ"

"ဟုတ်ကဲ့"

သက်အောင်က အလိုက်သင့် ဘယ်လိုပြန်ပြောရမှန်းမသိတာနဲ့ ရယ်ကျဲကျဲ လုပ်နေလိုက်တယ်။

"မိပိုးကိုလည်း အဲ့ဒီလို ပညာတတ်မိန်းကလေးပဲ ဖြစ်စေချင်တာ ဆရာရေ။ ပညာတတ်လေ ကောင်းလေပဲ။ အခုခေတ်က ပိုက်ဆံချမ်းသာရုံနဲ့ မရဘူး။ မိန်းကလေးက ပိုပြီး ပညာတတ်မှ ဖြစ်မှာ"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com
SAMPLE BOOK


"အမြင်မတော်တာရှိလည်း ဆုံးမပါ ဆရာ။ တစ်ဦးတည်းသော သမီးဆို တော့လေ။ အိမ်မှာ လာသင်တဲ့ ဆရာ၊ ဆရာမတွေကိုပဲ သူ့အစ်ကို၊ အစ်မတွေလို ဖြစ်နေတာ။ မသင့်တော်တာ ဆိုးတာရှိလည်း ခွင့်လွှတ်ပါ ဆရာ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သက်အောင်က ပြုံးပြုံးလေးနားထောင်ရင်း တစ်ခါတလေ ပိုးသားဆိုး တတ်တာကို သတိတရ တွေးမိတယ်။ ဆုံးမဖို့လည်း ခက်သားလား။

"ကဲ မေမေကလည်း စကားကောင်းနေတာ။ ဆရာက နောက်စာသင် ချိန် ဆက်သွားရဦးမှာ ထင်တယ်"

ပိုးပိုးရဲ့အမေက အလိုက်တသိ စကားစဖြတ်ချပေးတယ်။

"ဟုတ်ကဲ့ ဆက်သွားရဦးမှာ ခင်ဗျ"

ပြောရင်းဆိုရင်း သက်အောင်က ထိုင်နေရာက ထရပ်လိုက်တယ်။ ကျောပိုးအိတ်ကို လွယ်တယ်။

"နောက်ကျနေရင် အိမ်က ကားနဲ့ လိုက်ပို့ခိုင်းပေးရမလား ဆရာ။ ဗဟန်း ဘက် သွားမှာမလား"

"အာ. . . ရပါတယ်အစ်မ မှီပါသေးတယ်။ ကျွန်တော်အချိန်ရပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ပိုးပိုးကို အခုလို သေချာလေး ဂရုစိုက် စာလုပ်ပေး တာလည်း ကျေးဇူးတင်ပါတယ် ဆရာ"

"ရပါတယ် ခင်ဗျ။ ပိုးပိုးက လိမ္မာပြီးသားပါ။ သူကိုက ပင်ကိုယ်အသိနဲ့ စာလုပ်တာမျိုးပါ"

ပိုးပိုးရဲ့အမေက ခြံဝအထိ စကားပြောရင်း လိုက်ပို့ပေးတယ်။ ပိုးပိုးတို့ ခြံထဲမှာ အလှမွေးထားတဲ့ ခွေးတွေက သက်အောင်ကို အလုအယက် နှုတ်ဆက် ကြတယ်။ ဒီခွေးလေးတွေက သက်အောင် အချစ်တော်ခွေးလေးတွေပေါ့။ တစ်နေ့ ကျရင် ခြံကျယ်၊ ဝင်းကျယ်ကြီးထဲမှာ ဒီလိုခွေးလိမ္မာလေးတွေနဲ့ အေးအေးချမ်းချမ်း နေချင်မိတယ်။

ခြံတံခါးကို အိမ်ဖော်ကောင်မလေးက အပြေးထွက်လိုက်လာပြီး လာဖွင့် ပေးတယ်။

"သွားလိုက်ပါဦးမယ် ခင်ဗျ"

"ဟုတ်ကဲ့ ဆရာ။ ဟြော် ပြောချင်တာ မေ့တော့မလို့။ စောစောက ပိုးပိုး အဘွားရှိနေလို့ မပြောလိုက်တာ ဆရာရေ. . . ။ လူကြီးဆိုတော့ တွေးပြီး စိတ်ပူနေ

mgyoe.com

mgyoe.com SAMPLE BOOK

မှာ စိုးလို့လေ”

“ဪ ဟုတ်ကဲ့ ဘာများလဲဗျ ပြောပါ”

“အခုတလော စာမေးပွဲနီးမှ မိပိုးက ကောင်လေးတစ်ယောက်နဲ့ စကားပြောနေတာ အဆင်ပြေနေတယ် ဆရာရေ။ သူတို့ ကျောင်းကပါပဲ။ ကောင်လေးကတော့ အေးပါတယ်။ ဒါပေမဲ့ အခုအချိန်က အဲ့ဒီလိုတွေ စိတ်များနေလို့ မရဘူးလေ ဆရာ။ လူငယ်တို့သဘာဝကို ကျွန်မနားလည်ပါတယ်။ အခုက မဖြစ်သင့်တဲ့ အချိန် မဟုတ်လား ဆရာ”

“ဟုတ်ကဲ့”

“အဲ့ဒီလိုဖြစ်နေတော့ စာသင်နေရင်း စကားကြုံရင် ဆုံးမ၊ ပြောပြပေးပါဦး ဆရာရယ်။ ပိုးပိုးက ဆရာ့ကိုလည်း အရမ်းခင်တော့ ဆရာပြောရင်တော့ သူနားထောင်မှာပါ”

“ဟုတ်ကဲ့ပါ။ ကျွန်တော် နားလည်ပါတယ်”

“တီချယ်လွင့်ကိုလည်း ကျွန်မပြောပြထားပါတယ်။ ကူညီပေးပါဦး ဆရာ”

“ဟုတ်ကဲ့ပါ အစ်မ”

“ကဲ ဒီလိုဆို ဆရာလည်း နောက်ကျနေတော့မယ်။ သွားပါ ဆရာ”

“ဟုတ်ကဲ့ သွားလိုက်ပါဦးမယ်ဗျ”

ခြံတံခါးကနေ သက်အောင် ထွက်သွားတော့ အိမ်ဖော်ကောင်မလေးက တံခါးကို ဆွဲပိတ်လိုက်တယ်။ သက်အောင်က ခြံတံခါးအပြင်ကို ရောက်တာနဲ့ အသက်ရှူချောင်သွားသလို ခံစားလိုက်ရတယ်။

ခြေလှမ်းတစ်လှမ်းစလိုက်တာနဲ့ ဒီနေရာက လွတ်မြောက်သွားသလို ပေါ့ပါးတဲ့ ခံစားမှုကို ရတယ်။ ခမ်းနားထည်ဝါတဲ့ အိမ်ကြီးထဲမှာ ပိတ်မိနေသလို ဖြစ်ရာက အခုမှ ကိုယ့်ကမ္ဘာထဲ ပြန်လည်ရောက်ရှိသွားတဲ့ ခံစားမှုမျိုးပဲ။ ဒီလမ်းတွေပေါ်မှာ လွတ်လွတ်ကျွတ်ကျွတ် လမ်းလျှောက်ထွက်လာရတာကို ကြိုက်တယ်။

ပြီးတော့ ဒီညွှတ်ကွင်းထဲက ငါ လွတ်မြောက်လာပြီလို့ ခံစားမိတာမျိုးပေါ့။

တစ်ခါတလေကျတော့ ပိုးသားဆိုတဲ့ မြွေပွေး၊ မြွေဟောက်မလေးရဲ့ ညှို့အားကို လွန်ဆွဲနေရသလို ခံစားမှုမျိုး ရှိနေတာကိုး။ တပည့်တွေအားလုံးထဲမှာမှ စိတ်ထဲထည့်ထားမိတဲ့ တပည့်မလေးဖြစ်နေတာကိုး။ ပိုးပိုးရဲ့ အောင်မြင်မှုကို လိုလားရာကနေ စိတ်ထဲမှာ အလေးအနက် ဖြစ်မှန်းမသိ ဖြစ်လာတာမျိုးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းလျှောက်နေရင်း "ဆရာပြောရင်တော့ သူနားထောင်မှာပါ" ဆိုတဲ့ ပိုးပိုးအမေရဲ့စကားသံကို ပြန်ကြားမိပြန်တယ်။

တကယ်တော့ ပိုးပိုးစကားပြောနေတယ်ဆိုတဲ့ ကောင်လေးအကြောင်းကို တစ်စွန်းတစ်စ သူကြားဖူးပါတယ်။ အမှတ်မထင် ပိုးပိုးပြောပြလို့ သိတာပါပဲ။

တကယ်တော့ မိန်းကလေးတို့ရဲ့ သဘောသဘာဝအရ သူသိစေချင်လို့ တမင်ပြောပြနေတယ်ဆိုတာ သက်အောင် သိတယ်။

ဂိုက်ပေါက်စဘဝ ပထမနှစ်တုန်းကတော့ ကျောင်းသူတွေကို စာသင်ရတဲ့အခါ ဒီလိုကိစ္စမျိုးတွေမှာ သက်အောင်က မလည်မဝယ်နဲ့ ယောင်ချာချာဖြစ်ခဲ့ဖူးတာပေါ့။ အခုတော့ မိန်းကလေးတို့ရဲ့သဘော သို့မဟုတ် ဆယ်ကျော်သက်ကျောင်းသူတို့ရဲ့သဘောကို အနည်းငယ် သိတတ်စ ပြုလာပါပြီ။

ပထမဆုံးစာသင်တဲ့ တပည့်မရဲ့အမေဆီမှာ အလုပ်ဖြုတ်ခံလိုက်ရတာဆိုတော့ ကျောင်းသူတွေနဲ့ ပတ်သက်လာရင် သက်အောင်အဖြစ်က "ခဲမှန်ဖူးတဲ့စာသူငယ်" လို ဖြစ်နေခဲ့တယ်။ ကျောင်းသူတွေကို စာသင်လို့ မရတော့ဘူးလားလို့ တွေးခဲ့ဖူးတယ်။

သူ့အတွေးကို သီတာလွင်ကို ပြောပြမိတော့ မမလွင်က ရယ်တယ်။

"အဲ့ဒီလို ဖြစ်လို့ကို အောင့်ကို ကျောင်းသူတွေငှားရင် တမင်သင်ခိုင်းရမှာ။ ကျောင်းသားမိဘတိုင်းက အဲ့ဒီလို အယူမသီးတတ်ပါဘူး အောင်ရယ်။ ဆရာချောချောလေးဆိုတော့ မျက်စိကြြည်တာပေါ့။ ကောင်းပါတယ်"

"မျက်စိမကြည်ဘဲ မျက်စိနောက်လို့ အလုပ်တောင် အဖြုတ်ခံလိုက်ရတာကို"

"အင်း အောင်သာ တက္ကသိုလ်ဆရာဖြစ်လာရင် ဒီထက်ပိုပြီး ကောင်မလေးတွေ မျက်စိကျကြမှာပဲ။ အခုကတည်းက နေတတ်၊ ထိုင်တတ်၊ ကျင့်သားရအောင် လုပ်ပေးထားရမယ်။ ကျောင်းသူတွေကို တမင်သင်ခိုင်းရမယ်"

"သင်ခိုင်းပြီး ကျွန်တော်က အဲ့ဒီလိုပဲ အလုပ်ပြုတ်ပြုတ်နေရင်ရော. . . "

"ဒါဆိုလည်း ဆရာသက်အောင်ပြုတ်လို့ နာမည်ပြောင်းလိုက်ပေါ့"

မမလွင်က ပြောပြီး သူ့စကားသူ သဘောကျလို့ အားရပါးရ ရယ်လိုက်တယ်။ ပြီးမှ မျက်နှာပိုးကို သတ်လိုက်တယ်။

"ဒီလိုရှိတယ် အောင်ရဲ့။ မမတို့လို အပြင်စာသင်စားတဲ့ ဆရာတွေရဲ့ အဖြစ်သနစ်တွေကို ပြောတော့ ပြောပြချင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီလို ပြောမယ့်

mgyoe.com

mgyoe.com SAMPLE BOOK

အစား အောင်ကိုယ်တိုင် သိပြီး ပြဿနာတွေထဲမှာ လည်လည်ဝယ်ဝယ် ဖြေရှင်းတတ်တာက ပိုကောင်းတယ်လေ။ အခု အောင် တွေ့ရတယ်ဆိုတဲ့ ပြဿနာက သေးသေးလေးရယ်ပါ။ အဲ့ဒီလိုဖြစ်လေ မရှောင်ပြေးဘဲ ဖြေရှင်းတတ်ရမှာပေါ့။ ကျောင်းသူတွေနဲ့ ဆက်ဆံရေးမှာ ဆောင်ရန်၊ ရှောင်ရန်တွေ ဘာတွေရှိမလဲဆိုတာ အောင် လေ့လာ သင်ယူရမှာ"

"ဟုတ်ကဲ့။ ဒါဆို ကျွန်တော်ဘယ်လိုနေသင့်လဲ။ မမလွင် ပြောပြလေ"

"ကိုယ့်ကို ဆရာလို့ ခေါ်နေတဲ့ ကျောင်းသူတွေအမြင်မှာ ဆရာပီသအောင်နေပေါ့ အောင်ရယ်"

မမလွင်ရဲ့ ထိုစကားတစ်ခွန်းက သက်အောင်ရဲ့ စိတ်ထဲကို တန်းတန်းမတ်မတ် ဝင်ရောက်သွားတယ်။

"ကျွန်တော် ဆရာပီသအောင် နေပါတယ်။ နေမှာပါ"

"ဟုတ်ပါတယ်။ မနေဘူးလို့ မမလွင် မပြောပါဘူး။ ဒါပေမဲ့ ဆရာနဲ့ တပည့်ကြားမှာ ထားသင့်တဲ့စည်း ချပြီး အောင့်ဘက်က ခပ်တင်းတင်း စည်းရိုးကာထားဖို့ လိုတယ်။ စည်းရိုးလုံရင်တော့ ဘယ်သူမှ ကျော်ဝင်လို့ မရပါဘူး။ မှားနေတဲ့ တပည့်မတွေကိုလည်း ကိုယ့်ညီမလေးတွေလို သဘောထားပြီး သူတို့ရှေ့မှာ အနေမှန်မှန်၊ အနေတည်တည် နေနိုင်မှ ဖြစ်မှာ။ အဲ့ဒီလို တပည့်မလေးတွေနဲ့ တွေ့တိုင်း အောင့်မှာ အဲ့ဒီလို သမာဓိအား တည်ဆောက်နိုင်ရင်တော့ အနိုင်ပိုင်းနိုင်မှာပါ"

"အင်း မမလွင်ပြောတာ ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမဲ့. . . "

"ဒါပေမဲ့ ကျွန်တော့် ဘယ်လောက်အနေမှန်ပါစေ။ တစ်ဖက်က အနေမမှန်ရင် အန္တရာယ်ရှိနိုင်တယ်လို့ ပြောချင်တာမလား"

"ဟုတ်တယ်"

"ဒါကတော့ အောင် ကိုယ်တိုင်ရင်ဆိုင်ရနိုင်တဲ့ လက်တွေ့အခြေအနေပဲလေ။ ဒီလို အခြေအနေမှာ ဘယ်လောက်လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သလဲ ဆိုတာတော့ အောင့်ရဲ့အရည်အချင်းပဲ။ လွင်က အကြီးတစ်ယောက်အနေနဲ့ အလုပ်သဘောနဲ့ လူမှုကျင့်ဝတ်တွေလောက်ပဲ ညွှန်ပြပြောပြပေးနိုင်မှာပေါ့။ ဆရာသည် ဆရာဖြစ်ကြောင်း၊ တပည့်ဆိုတာ တပည့်နေရာပဲ နေရကြောင်း နားလည်အောင် အောင်က သက်သေပြပေးရမှာ"

"ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

"ပထမကိစ္စတစ်ခုဖြစ်ပြီးကတည်းက လွင် တွေးပြီးသွားပြီ။ ဒီလမ်းကြောင်းပေါ် တကယ်လျှောက်မယ်၊ အောင် အလုပ်လုပ်မယ်ဆိုရင်တော့ ကျောင်းသူတွေနဲ့ ထပ်တွေ့ရဦးမှာပဲ။ အောင့်ကို ဆရာနေရာကနေ ဖြေရှင်းတတ်စေချင်တယ်။ အဲ့ဒီတော့ စာသင်ချင်တဲ့ ကျောင်းသူတွေ ထပ်ရှိလာခဲ့ရင် အလုပ်ချိတ်ပေးမယ်။ အတွေ့အကြုံ များလာရင်တော့ ရှောင်တတ်လာမှာပါ"

မမလွင် ပြောသမျှ နားထောင်ရင်း သက်အောင်က သက်ပြင်းများစွာ ခိုးချခဲ့ရတယ်။ ရည်မှန်းထားတဲ့ တက္ကသိုလ်ဆရာဘဝ မစတင်ခင်မှာ ကျောင်းသူတွေကြားမှာ တောကျွမ်းနည်းကို အရင်သင်ရမှာပါလားလို့ ဉာဏ်မှီသလောက်နဲ့ တွေးလိုက်မိပါတယ်။ စိတ်မကောင်းဖြစ်မိတယ်။

သူငယ်ချင်းတွေကတော့ "မင်း ရည်းစားထားသင့်တယ်" လို့ မဆီမဆိုင် အကြံပေးကြတယ်။ ကိုယ်တစ်ဝမ်းစာပဲ လုံလောက်တဲ့ ကျောင်းစားရိတ်နဲ့ ကျောင်းတက်နေရတဲ့ အခြေအနေမှာ သောကတွေမများချင်တဲ့ စိတ်ကို သူတို့ဘယ်နားလည်မလဲ။ ဒုတိယနှစ်ရဲ့ နှစ်ဝက်စာသင်ကာလမှာ သက်အောင်တစ်ယောက် အလုပ်လုပ်ချင်စိတ်တွေပဲ ပြင်းပြင်းထန်ထန်ဖြစ်ခဲ့တယ်။

အလုပ်ကို အလုပ်က သင်တယ်ဆိုသလိုပါပဲ။ တချို့လူနေမှုပုံစံတွေကို တတ်ကျွမ်းလာခဲ့တယ်။ မမလွင်က အလုပ်ကို ဘာမှနားမလည်သေးရင် "မျက်နှာအမူအယာကို ခပ်တည်တည်ပဲနေပါ" လို့ ပြောလို့ ပထမစာသင်နှစ်တုန်းက ကျောင်းသားတွေရှေ့မှာ တတ်နိုင်သရွေ့ အရယ်၊ အပြုံးနည်းနည်းနဲ့ နေခဲ့ဖူးတယ်။ အဲ့ဒီကာလအတွင်း ကျောင်းသားနဲ့ ဆရာကြား ရှိသင့်တဲ့ ဆက်ဆံရေးပုံစံတချို့ကိုလည်း လက်တည့်စမ်း လုပ်ဆောင်ကြည့်ဖူးတယ်။ ဆယ်ကျော်သက်တွေနဲ့ ဆက်ဆံတဲ့အခါ အတိုး၊ အလျှော့ လုပ်ရတယ်ဆိုတဲ့ သဘောတရားလေးတွေ သိလာခဲ့ပါတယ်။

နောက်ထပ် ကံကောင်းတာတစ်ခုက စာသင်သက် ဒုတိယနှစ်မှာ သက်အောင်တစ်ယောက် တပည့်ကောင်းတွေနဲ့ တွေ့ခဲ့တယ်လို့ ပြောလို့ရတယ်။ ကျောင်းသားနှစ်ယောက်နဲ့ ကျောင်းသူတစ်ယောက်ကို စာကျက်ဂိုက်အဖြစ် တစ်ပတ်သုံးရက် သင်ပေးခဲ့ရတယ်။ ဝင်ငွေလည်း အသင့်အတင့်ရလာပြီး ကျောင်းသားသုံးယောက်လုံးကလည်း စာကြိုးစားကြတဲ့ ကျောင်းသားတွေဖြစ်တော့ ဂုဏ်ထူးတွေ ကိုယ်စီနဲ့ အောင်မြင်သွားကြတယ်။ နှစ်ယောက်က မြန်မာစာ ဂုဏ်ထူးပါခဲ့တယ်။ အဲ့ဒီမှာ ဆရာသက်အောင်နာမည်ကောင်းကို အချိန်တိုအတွင်း တည်ဆောက်နိုင်

mgyoe.com

mgyoe.com SAMPLE BOOK

သွားတာပါပဲ။ အလုပ်စပ်ပေးတဲ့ မမလွင်လည်း မျက်နှာကောင်းရတာပေါ့။ ပြီးတော့ တပည့်တွေ အောင်မြင်တဲ့အခါ ခံစားရတဲ့ ဆရာတစ်ယောက်ရဲ့ ခံစားမှုကိုလည်း သက်အောင် နှစ်သက်သွားတယ်။ ဆရာတစ်ယောက်ရဲ့ စိတ်၊ လောဘ၊ စေတနာ အားတွေကို ပိုခံစားမိလာခဲ့တယ်။

အဲ့ဒီလို ဂုဏ်ထူးထွက်တဲ့ ကျောင်းသားနှစ်ယောက်ထဲက တစ်ယောက်က ပိုးသားမေမေတို့နဲ့ မိတ်ဆွေဖြစ်နေတော့ သက်အောင်တို့စာသင်တဲ့ ဆရာတစ်ဖွဲ့လုံးကို ပိုးသားအတွက် ထပ်မံငှားခဲ့တာ ဖြစ်ပါတယ်။

သူတို့ ပြင်ပစာသင်လောကမှာက အဲ့ဒီလိုပဲ။ တစ်နေရာမှာ နာမည်ကောင်းရ အောင်မြင်သွားရင် အဲ့ဒီနေရာနဲ့ စပ်မိစပ်ရာဖြစ်တဲ့ နောက်ထပ်နေရာတွေမှာ အလုပ်တွေ ထပ်ရလေ့ရှိပါတယ်။ ယုံကြည်မှုနဲ့ အလုပ်တွေကို ချိတ်ဆက်လုပ်ရတာမျိုးပေါ့။

တက္ကသိုလ်ဝင်တန်းလို့ ခေါ်ကြတဲ့ ဆယ်တန်းကို လိုချင်တဲ့ရလဒ်တစ်ခုနဲ့ အောင်မြင်ဖို့က မိဘတိုင်းရဲ့ ရည်မှန်းချက်၊ မျှော်လင့်ချက်ပါပဲ။ အဲ့ဒီအတွက်လည်း ထိုက်သင့်သလောက် ရင်းနှီးမြှုပ်နှံကြတယ်။

ငွေကြေးချမ်းသာတဲ့ မိသားစုတွေအတွက်တော့ ဆယ်တန်းပညာရေးဆိုတာ ငွေကြေးအင်အားစိုက်ထုတ်ပြီး ရလဒ်ကောင်းကို ဝယ်ယူရမယ့် အတန်းပညာရေးပါပဲ။ မိမိစိတ်ကြိုက်ဆရာကို အိမ်အရောက်ခေါ်ယူပြီး ပညာရေးကို မိမိလက်နဲ့ ပုံဖော်လို့ရပါတယ်။ ရန်ကုန်ရဲ့ ဆယ်တန်းပညာရေးလောကက အဲ့ဒီလိုပုံစံနဲ့ ဈေးကွက်ဖြစ်နေတာ ကြာပြီပဲ။

အခုလည်း ငယ်ငယ်ကတည်းက ပညာထူးချွန်တဲ့ ပိုးသားအတွက် မိဘစည်းစိမ်ချမ်းသာက အဆင်သင့် အထောက်အပံ့ကောင်းပါပဲ။ တတ်နိုင်သရွေ့လူအင်အား၊ ငွေအင်အား စိုက်ထုတ်ပြီး ရလာဒ်ကောင်းရဖို့ ယုံကြည်မျှော်လင့်ထားကြတယ်။

တန်ဖိုးကြီးသလောက် ရည်မှန်းချက်ကြီးမယ်။ မျှော်လင့်ချက် ကြီးကြလိမ့်မယ်။

ဒီလိုအချိန်မှာ အသေးအဖွဲ့ လွဲမှားမှုလေးကအစ မဖြစ်သင့်တဲ့ အခြေအနေပါ။ ပိုးသားမှာ ကောင်းမွန်တဲ့ အနာဂတ်ရှိနေတယ်လို့ သက်အောင်က တွေးမိတယ်။

“ဆရာ ပြောရင် နားထောင်မှာပါ” လို့ ပိုးပိုးမေမေရဲ့ စကားက စိတ်ထဲ

mgyoe.com

 mgyee.com SAMPLE BOOK 

လည်း ရောက်တယ်။ ဦးနှောက်ထဲလည်း ရောက်ပါတယ်။

ဆရာတစ်ယောက်နေရာက စေတနာအရင်းခံပြီး ပြောပြဆုံးမချင်တဲ့ ဆန္ဒလည်း ရှိတယ်။ ဒါပေမဲ့ ပြောဖို့က ထင်သလောက် မလွယ်ဘူး။

မြီးကောက်ပေါက်အရွယ် ကောင်မလေးတွေရဲ့ သဘောကို သက်အောင်က ကျွမ်းကျွမ်းကျင်ကျင် မမှန်းဆတတ်သေးဘူး။

"ဆရာ. . . ဆရာက ဆရာတို့ကျောင်းမှာ နာမည်ကြီးပဲနော်။ ဖေ့စ်ဘတ်ခ်ပေါ်မှာ ဆရာ့ကို တွေ့ပါ့။ ဟိ. . . ဟိ. . ."

သက်အောင် စာသင်ချိန်ဝင်ပြီး တစ်လလောက်ကြာတော့ ပိုးပိုးက စကားလမ်းစ ရှာပြောဖူးတယ်။ သက်အောင်က ရှုတည်တည်မျက်နှာထားနဲ့ မှင်သေသေ နေလိုက်တော့ နှုတ်ခမ်းလေးစူပြီး အကဲခတ်လိုက်သေးတယ်။ ပြီးတော့ သက်အောင်က လမ်းဖွင့်မပေးတော့ စကားဆက်မပြောတော့ဘူး။

"ဆရာ. . . ဆရာ့မှာ ရည်းစားရှိလားဟင်။ ဆရာ့ကို ကျောင်းမှာ ကြိုက်တဲ့လူတွေ အများကြီးပဲလို့ တီချယ်နန်စီက ပြောဖူးတယ်။ ဆရာက အရမ်းစွံတာဆို. . ."

တီချယ်နန်စီဆိုတာ ပိုးပိုးရဲ့ အင်္ဂလိပ်စာဆရာမပေါ့။ သက်အောင်နဲ့ အသက် သိပ်မကွာဘူး။ မမလွင်မိတ်ဆက်ပေးလို့ ဆုံဖူးတယ်။ ကျောင်းကို အလည်လာဖူးတယ်။

"ရည်းစားရှိလားလို့ ဆရာ. . . ပိုး မေးတာဖြေဦးလေ"

ပိုးသားက သချ်ာတွက်နေရင်းက မော့မကြည့်ဘဲ ပြောမြဲ ပြောနေတယ်။ အခုနောက်ပိုင်းမှာ သက်အောင်က ပိုရင်းရင်းနှီးနှီး နေခွင့်ပေးလာတော့ ပိုးသားက ပြောရဲဆိုရဲ ရှိလာတယ်။ စာတော်တဲ့ကလေးဖြစ်တဲ့အပြင် စကားတတ်တဲ့ ပိုးသားကို သက်အောင်က နှစ်သက်ခင်မင်လာတဲ့စိတ် ရှိနေတယ်။ ညီမငယ်လေးလို ချစ်စရာ သိပ်ကောင်းတဲ့ တပည့်မလေးပေါ့။

"စာနဲ့ မဆိုင်တဲ့ မေးခွန်းတွေ ဆရာ မဖြေဘူး"

"ဟွန်း. . . ဆရာကလည်း ပိုးက သိချင်လို့မေးတာကို"

"သိချင်ပေမဲ့ သိဖို့မှ မလိုအပ်တာ။ ကိုယ်လုပ်နေတဲ့ အလုပ်ကိုပဲ အာရုံစိုက်စမ်းပါ"

"အာရုံစိုက်ပါတယ်။ လက်ကတွက်တာ။ ပါးစပ်က ပြောကြည့်တာ။ မတူဘူးလေ ဆရာရဲ့"

mgyee.com

mgyoe.com
SAMPLE BOOK


"ပါးစပ်ကိုပိတ်ပြီး လက်ကိုပဲ အာရုံစိုက်ထား"

ပိုးသားက စပ်ဖြဲဖြဲမျက်နှာလေးနဲ့ ရယ်တယ်။

"မပြောလည်း သိသွားပြီ။ ဆရာ့မှာ ရည်းစားမရှိဘူး။ သေချာတယ်။ မရှိလို့ ကြွားစရာမရှိ။ ဒါကြောင့် ပိုးမေးတာကို မဖြေတာပေါ့။ ဟုတ်တယ်မလား ဆရာ။ ပိုးပြောတာ မှန်တယ်မလား"

ပိုးသားက တွက်ပြီးတဲ့ သင်္ချာပုစ္ဆာကို မျဉ်းပိတ်လိုက်ပြီး ပါးစပ်က မနား တမ်း တတွတ်တွတ်ပြောနေတယ်။

"ပြီးပါပြီရှင့်။ စစ်ပေးပါဦးရှင့်"

ပိုးသားက မျက်လုံးလေးဝင့်ပြီး အဲ့ဒီလိုလေး စကားပြောလိုက်ရင် သိပ် ချစ်စရာကောင်းတယ်။ မျက်ဝန်းကျယ်ကျယ်လေးနဲ့ လူကိုလှမ်းကြည့်တတ်တဲ့ ကောင်မလေးပါ။

ပိုးသားက တွက်ပြီးသား စာအုပ်လှမ်းပေးတော့ သက်အောင်က မျက်နှာ ကို တည်နိုင်သမျှ တည်အောင် ထားလိုက်ပြီး လှမ်းယူလိုက်တယ်။

"နောက်တစ်ခါ စာနဲ့မဆိုင်တဲ့ မေးခွန်းအပိုတစ်ခုမေးရင် ဆယ်မိနစ် အချိန်ပိုခေါ်သင်မယ်"

"ဟုတ်. . . ကဲ့"

ပိုးသားဖြေပုံ လေယူ၊ လေသိမ်းက ပုံမှန်မဟုတ်။ ပြောပုံက နွဲ့တယ်။ စိတ်ထဲက ရယ်ချင်စိတ်ကို အပြင်ထွက်မလာအောင် သက်အောင်က ထိန်းထား လိုက်တယ်။

"မေးခွန်းတစ်ခုကို ဆယ်မိနစ်ဆိုတော့ မေးခွန်းဆယ့်နှစ်ခုဆိုရင် နှစ်နာရီ စာပေါ့နော် ဆရာ။ စာမေးပွဲနီးရင် ဆရာ့ဆီက အချိန်ပိုထပ်မတောင်းတော့ဘူး။ ဆရာ့ကို မေးခွန်းတွေပဲ ထိုင်မေးတော့မယ်။ အချိန်ပိုအလကား သင်ရအောင်လို့ လေ။ မေးခွန်းတွေ ကြိုစုထားလိုက်တော့မယ်လေ ဆရာ"

ပိုးသားက သူ့စကားသူ သဘောကျပြီး ထိုင်ရယ်နေတယ်။ သက်အောင် က တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းချတယ်။ သက်အောင် တစ်ခွန်းပြောရင် ပိုးသားမှာ ထပ်ပြောစရာ စကားဆယ်ခွန်းမက ရှိမယ် ထင်ပါတယ်။ ဒီကောင်မလေး မလွယ်ဘူး။

"ဆရာ မနက်စာ ဘာစားခဲ့လဲ။ ဆရာကျောင်းကို ဘယ်အချိန်ရောက်လဲ။ ဆရာ့မှာ သူငယ်ချင်းဘယ်နှစ်ယောက်ရှိလဲ။ ဆရာ သီချင်းဆိုတတ်လား။ ဆရာ

mgyoe.com

mgyoe.com
SAMPLE BOOK

စာသင်လာရင် ပိုးပိုးအတွက် မုန့်ဝယ်လာခဲ့ပါလား။ ဆရာ မနက်ဖြန် ဘယ်အချိန် ရောက်မှာလဲ။ ဆရာ မနက်ဖြန် နောက်ကျမှာလား၊ စောရောက်မှာလား. . . "

ပိုးသားက မေးခွန်းတွေကို တတွတ်တွတ်ရွတ်ရင်း လက်ချောင်းလေး တွေကို ချိုးရေကြည့်နေတယ်။ ပိုးသားရဲ့ လက်ချောင်းလေးတွေက သွယ်လျ နေတယ်။ ပြောနေရင်း မျက်လုံးလေးလှန်ပြီး စဉ်းစားလိုက်သေးတယ်။

"ညီလေး. . . ညီလေး ဒီမှတ်တိုင် ဆင်းမှာလား"

အနောက်ကနေ သက်အောင်ပခုံးကို ပုတ်လိုက်တဲ့ လူတစ်ယောက် ကြောင့် သက်အောင်အတွေးတွေ ရပ်တန့်သွားတယ်။ အခုမှ အသိစိတ်က ပြန် ဝင်လာတယ်။ ဆင်းရမယ့် မှတ်တိုင်ကို ကားက ဝင်နေပြီ။

"ဗျာ. . . ဟုတ်ကဲ့ ဆင်းမှာဗျ"

ကားရပ်ပြီး တံခါးဖွင့်တာနဲ့ သက်အောင်က ခပ်သွက်သွက် ဆင်းလိုက် တယ်။

အဲယားကွန်းကားထဲကနေ ဆင်းလိုက်တာနဲ့ ပြင်ပနေအပူရှိန်ကို ခပ်ပြင်း ပြင်းခံစားလိုက်ရတယ်။ ဘဝက သိပ်တော့ စိတ်ကူးယဉ် မဆန်ပါဘူး။ ခပ်ကြမ်း ကြမ်းပါပဲလို့ အသိစိတ်က ပြန်ဝင်လာတယ်။

သက်အောင်က လက်ကနာရီကို အမြန်ကြည့်လိုက်တယ်။ အချိန် ဆယ် မိနစ်လောက်ပဲ ကျန်တော့တယ်။ နောက်တစ်အိမ်ကို စာသင်ချိန် အမှီရောက်ဖို့ ခပ်သွက်သွက် လမ်းလျှောက်မှ ဖြစ်တော့မယ်။ ဒီအိမ်က လမ်းမကြီးနဲ့ အနည်းငယ် အလှမ်းဝေးပါတယ်။ ဆက်လျှောက်ရဦးမယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၇)

စာသင်ရမယ့်အိမ်ကို သက်အောင် ရောက်သွားတော့ အချိန်က ကွက်တိ ကျနေလို့ တော်သေးတယ်။ ဆောင်းရာသီဆိုပေမဲ့ ရန်ကုန်နေက နေ့လယ်ဆိုရင် ခပ်ပြင်းပြင်းပါပဲ။ ဒီနေ့ ပိုပူသလားတောင် မပြောတတ်ဘူး။

"ဟော ဆရာရောက်ပြီ။ ခဏလေး ဆရာရေ။ ထိုင်ပါဦး။ ဆရာ့တပည့်က အခုပဲ အပေါ်ထပ်တက်သွားတယ်။

သက်အောင်မျက်နှာက အပြုံးမပျက်ပေမဲ့ စိတ်ထဲကတော့ သိပ်မကြည်လင်ဘူး။ နေပူထဲလမ်းလျှောက်လာရပြီးမှ ကျောင်းသားက စာကြည့်စားပွဲမှာ အဆင်သင့် မရှိဘူးဆိုတော့ သိပ်မကြိုက်ချင်ဘူး။

သက်အောင်ဆယ်တန်းတုန်းက စာတော်တော်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အမေတို့က ဆယ်တန်းပညာရေးကို ငွေကြေးနဲ့ ရင်းနှီးမြှုပ်နှံပြီး တည်ဆောက်ရကောင်းမှန်း မသိခဲ့ဘူး။ ဂုဏ်ထူး ဘယ်နှဘာသာ ပါရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိခဲ့ဘူး။ ဆယ်တန်းအောင်ရင် ဘဝဖြစ်ပြီလို့ပဲ သိခဲ့ကြတော့ သက်အောင်လည်း ကြိုးစားခဲ့ရပေမဲ့ မြင့်မားတဲ့ရည်မှန်းချက်ထားရကောင်းမှန်း မသိခဲ့ပါဘူး။

အဲ့ဒီလိုနဲ့ မိဘက တတ်နိုင်သလောက် ထားပေးခဲ့တဲ့ ရပ်ကွက်ကျူရှင်မှာပဲ တက်ခဲ့ပြီး ဆယ်တန်းပညာရေးကို ဖြတ်သန်းခဲ့တယ်။ အိမ်တိုင်ရာရောက် ဆရာ ခေါ်သင်ရမယ်ဆိုတဲ့ အသိကို မသိခဲ့ဘူး။ ကျူရှင်ဆရာတွေလည်း အသင်

mgyoe.com

mgyoe.com SAMPLE BOOK

အပြ ကောင်းပါတယ်။ ဒါပေမဲ့ အနီးကပ်ဆရာခေါ် သင်သလိုတော့ ပိုက်စိပ်တိုက် သင်ကြားခွင့်မရဘူးပေါ့။ ကျူရှင်ဆိုတော့ အများနည်းတူ သင်ခန်းစာတွေကို လိုက်သင်၊ လိုက်ကျက်ခဲ့ရတာပဲ။ တကယ်ပြန်တွေးကြည့်တော့ အဖေ့ဝင်ငွေနဲ့ ဆရာကို အိမ်ခေါ် သင်ဖို့လည်း ဘယ်ဖြစ်နိုင်ပါ့မလဲ။ ခေါ် သင်ရင် ပိုကောင်းတယ်လို့ သိရင်တောင် မဖြစ်နိုင်တဲ့ အခြေအနေပါ။

သက်အောင် ဆယ်တန်းအောင်ဖို့အတွက်နဲ့ မိသားစုစားဝတ်နေရေး ကျပ်တည်းနိုင်မှာပေါ့။ တစ်ခါတလေတော့ အမေက ပြောပါတယ်။

"ငါ့သားကြီး ဆယ်တန်းတုန်းက အဲ့ဒီလိုတွေ ခေါ် သင်ရမှန်း မသိခဲ့လို့ပေါ့။ ရိုးရိုးကျူရှင်တက်တာတောင် ဂုဏ်ထူးတွေပါခဲ့တာ။ အဲ့ဒီလိုများ သင်လိုက်ရရင် အခုအချိန် ဆေးကျောင်းသားဖြစ်နေလောက်တယ်။ အမေတို့က ခေတ်မမီခဲ့တာပါ"

အမေညည်းပြရင် သက်အောင်က စိတ်မချမ်းသာဘူး။ အမေက ဆရာဝန် အိပ်မက်မက်နေဆဲပါပဲ။ အငယ်နှစ်ယောက်ကိုတော့ ဆေးကျောင်းအမှတ်မီအောင် တွန်းအားပေးမယ်လို့ သက်အောင်က တွေးထားမိတယ်။ ဆယ်တန်းပညာရေး လောကအကြောင်းကို သူကိုယ်တိုင် သိသင့်သလောက် သိနေပြီလေ။ ဒါကြောင့် အငယ်နှစ်ယောက် ဆယ်တန်းရောက်မလာခင် ငွေကြိုရှာသင့်ရင် ရှာထားရမှာပဲ။

သားအကြီးဆုံး တစ်ယောက်အနေနဲ့ သက်အောင်က တွေးသင့်သလောက် တွေးတတ်တဲ့အရွယ် ရောက်လာပါပြီ။

"ဆရာ ကော်ဖီနဲ့ မုန့် သုံးဆောင်ပါဦး"

"ဟုတ်ကဲ့ ခင်ဗျ"

လင်းခန့်တို့အိမ်က အိမ်ဖော်အမျိုးသမီးက သက်အောင်ကို ဖော်ဖော်ရွေရွေ အပြုံးနဲ့ နှုတ်ဆက်ပြီး ကော်ဖီပန်းကို လာချပေးတယ်။ အဲ့ဒီအချိန်မှာပဲ လင်းခန့် အမေက စာသင်ခန်းထဲကို ဝင်လာတယ်။

သက်အောင်နဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်တယ်။

"ခဏလေးနော် ဆရာရေ။ လင်းခန့်ကို သွားခေါ် ခိုင်းထားတယ်"

"ဟုတ်ကဲ့ အစ်မ။ ရပါတယ်။ ဒီနေ့က အချိန်တွေ ဆက်နေတာဆိုတော့ ပင်ပန်းနေပြီ ထင်တယ်"

"ဟုတ်တယ် ဆရာရေ။ ဒီ စနေ၊ တနင်္ဂနွေပိတ်ရက်ကတော့ တစ်နေကုန် ဆရာတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လိုက်၊ ထွက်လိုက်ပဲ။ ဒီပိတ်ရက်လေးပဲ

mgyoe.com SAMPLE BOOK

အားပြုသင်ရတာကိုး ဆရာရဲ့။ ကျောင်းကလည်း အတက်ပြရသေးတယ်လေ။ မတက်ရင် စကားတွေ ပြောရလွန်းလို့ မပြောချင်ဘူး ဆရာရေ။ ဖြစ်နိုင်ရင် ကျွန်မက တော့ လင်းခန့်ကို ကျောင်းကို မလွှတ်ချင်တော့ဘူး။ ဆရာ သိတဲ့အတိုင်းပဲ Enroll လည်း လုပ်လို့ မရဘူး။ နှစ်စကတည်းက ကျွန်မကျောင်းရွေးတာ နည်းနည်းမှား သွားတယ် ဆရာရယ်"

ဒီအိမ်လာတိုင်း ဒီစကားတွေက လင်းခန့်အမေပြောနေကျ စကားတွေ ပါပဲ။

လင်းခန့်က ပညာရေးကို စိတ်မဝင်စားတဲ့ ကျောင်းသားထဲမှာ ပါတယ်။ အမှန်တော့ ရန်ကုန်က ငွေကြေးချမ်းသာသူတို့ထုံးစံအတိုင်း လင်းခန့်ကို ကိုယ်ပိုင် ကျောင်းတစ်ခုမှာပဲ ကျောင်းအပ်ထားတာပါ။ လင်းခန့်တက်နေတဲ့ ကိုယ်ပိုင်ကျောင်း က နာမည်ကောင်းထွက်တဲ့ ကျောင်းကောင်းပါ။ သင်ကြားရေးဆရာတွေ ကောင်းပြီး တစ်နှစ်တာ သင်ကြားမှုပုံစံက စနစ်တကျရှိတယ်။

ဒါပေမဲ့ ကျောင်းသားမကောင်းရင် ကျောင်းရဲ့စနစ်က ဘယ်လောက် ကောင်းကောင်း ဘာမှအကျိုးမဖြစ်ထွန်းဘူး။ လင်းခန့်က ကျောင်းတက်ပျင်းတယ်။ ပညာရေးကို တန်ဖိုးမထားတတ်တဲ့ ဆယ်ကျော်သက်တစ်ယောက်ဖြစ်တော့ ကျောင်း ပညာရေးနဲ့ ဓာတ်မတည့်ဘူးဆိုတဲ့ ကျောင်းသားမျိုးပါပဲ။

ဒီလိုနဲ့ စာသင်နှစ် နှစ်လယ်လောက်မှာ ဆရာတွေကို အိမ်ခေါ်သင်ပြီး သေချာစာလုပ်ခိုင်းဖို့ မိဘတွေက စီစဉ်ရတော့တာပါပဲ။ လင်းခန့်က နှစ်ချင်းပေါက် အောင်နိုင်တဲ့ အရည်အချင်းတော့ ရှိပါတယ်။ ဒါပေမဲ့ မကြိုးစားရင်တော့ အာမခံ ချက်မရှိတဲ့ ကျောင်းသားမျိုးပါပဲ။

"မင်္ဂလာပါ ဆရာ"

လင်းခန့်က စပ်ဖြဲဖြဲမျက်နှာနဲ့ စာသင်ခန်းထဲ ဝင်လာတယ်။ သက်အောင် က လှမ်းကြည့်ပြီး ပြုံးပြလိုက်တယ်။

"သား စာကို ကြိုးစားလုပ်နော်။ နှစ်ချင်းပေါက်မှ ဖြစ်မှာ"

"သိပါတယ် မာမီကလည်း. . . ။ အောင်ပါတယ် ဟုတ်တယ်မလား ဆရာ"

"ပြောလိုက်ရင်တော့ အဲ့ဒီလိုပဲ ဆရာရေ"

လင်းခန့်အမေက ပြောပြောဆိုဆိုနဲ့ ထိုင်နေရာက ထပြီး အခန်းအပြင်ကို ထွက်သွားတယ်။ လင်းခန့်က အခုမှ စာအုပ်ထုတ်တုန်းရှိပါသေးတယ်။

mgyoe.com

mgyobe.com SAMPLE BOOK

လင်းခန့်ကို စာလာသင်ရင် ဘယ်တော့မှ အဆင်သင့်မဖြစ်တာတော့ ရိုးနေပါပြီ။ သက်အောင်က သက်ပြင်းဖွဖွချလိုက်တယ်။

"ဒီနေ့က Revision အနေနဲ့ မေးခွန်းတို့ အပုဒ်ငါးဆယ် ပြန်ကျက်ရမယ်။ လေးဆယ့်ငါးမိနစ် အချိန်ရမယ်။ ပြီးရင် ဆရာမေးတာတွေကို မင်း ချဖြေရမယ်"

"ဟာ ဆရာ။ လေးဆယ့်ငါးမိနစ်နဲ့ ဘယ်ပြီးမလဲ"

"ဒီအပုဒ်တွေက မင်းကို ငါအခု လက်တန်းမေးတာတောင် ဖြေနိုင်နေရမှာကွ။ Revision မှာ ဒီလောက် စာနွှေးချိန်ပေးတာတောင် တော်တော်များနေပြီ"

သက်အောင် အသံက ခပ်တင်းတင်းပဲ။ လင်းခန့်က ပြောမနိုင်မှန်းသိတော့ ခေါင်းငုံ့စာကျက်နေတယ်။ မျက်နှာက မျက်နှာပိုးသေနေတယ်။

လေးဆယ့်ငါးမိနစ်နဲ့ ဒီစာတွေကို လင်းခန့်အကုန်မမှတ်မိဘူး ဆိုတာ သူသိပါတယ်။ ပုံမှန်ကျက်ခိုင်းတိုင်း သေချာကျေညက်အောင် မကျက်ခဲ့ဖူးဘူး။ အိမ်စာပေးပြီး ကျက်ခိုင်းလည်း မကျက်ထားဘဲ အကြောင်းပြချက်မျိုးစုံနဲ့ ရှောင်လွှဲနေကျပဲ။ လင်းခန့်မှာ စာကြွေးတွေ သိပ်များပါတယ်။

လင်းခန့်ကို စသင်ခါစတုန်းကတော့ အိမ်စာတွေ ပေးဖူးတယ်။ ဒါပေမဲ့ ဆရာမရှိရင် စာအုပ်နားမကပ်တဲ့သူဖြစ်နေတော့ လင်းခန့်အမေက "ဆရာနဲ့ပဲ စာအပြီးလုပ်ပေးပါ" လို့ တောင်းဆိုတော့ အိမ်စာပေးခြင်းကိစ္စကို စိတ်လျှော့လိုက်ရတယ်။ အေးလေ။ သူတို့ကလေး စာလုပ်ဖို့ ကိုယ့်ကိုငှားတာပဲလို့ တွေးပြီး စာကျက်၊ စာဖြေကိစ္စကို နိုင်နိုင်နင်းနင်း လုပ်ပေးရတော့တယ်။ စာမေးပွဲ အောင်ဖို့ အဓိကပါပဲ။

စာကျက်နေရင်း မိနစ်နှစ်ဆယ်လောက်ကြာတော့ လင်းခန့် ငိုက်စပြုလာတယ်။

"လင်းခန့်"

လေသံမာမာနဲ့ သက်အောင်က ခေါ်လိုက်တော့ ခေါင်းက ပြန်မတ်လာတယ်။

တပည့်ချင်း ယှဉ်တာမဟုတ်ပေမဲ့ ပိုးသားဆီ အတန်းချိန်ပြီးမှ လင်းခန့်ဆီ အတန်းဝင်ရတိုင်း သက်အောင်မှာ အားပြတ်လာသလို ခံစားရတာတော့ အမှန်ပဲ။ ပိုးသားက ဘယ်စာမေးမေး ဒိုးဒိုးဒေါက်ဒေါက်ဖြေနိုင်တယ်။ သိနေတယ်။ ကျက်စာရော၊ တွက်စာပါ အဆင်ပြေတယ်။

လင်းခန့်ကတော့ တကယ့်လူပျင်း။ လင်းခန့်ကို သင်ပြီး နှစ်လလောက်

mgyobe.com

mgyoe.com SAMPLE BOOK

ကြာတော့ မသင်တော့ရင် ကောင်းမလားလို့ သက်အောင် တွေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ တစ်ပတ်မှာ အချိန်လေးနာရီလောက် ပေးရုံနဲ့ မက်မောလောက်စရာ လခ ရနေတော့ စွန့်ဖို့က ခက်ပြန်တယ်။ ဒီလိုနဲ့ သည်းခံရတာပဲ။ ယောကျ်ားစိတ်ဆို တော့ တစ်ခါတလေကျ ပေါက်ကွဲထွက်ချင်တယ်။ အိမ်က ညီလေးသာ ဒီလိုအချိုး မျိုးတွေ လုပ်နေမယ်ဆိုရင် သက်အောင် စိတ်ရှည်သည်းခံမယ် မထင်ဘူး။ ယောကျ်ား ပီပီသသ ဆုံးမမိမှာပါပဲ။

လင်းခန့်က စာကျက်တာကို သေချာမကျက်။ အသံက ဝါးချနေတဲ့ အသံ နဲ့ စာကိုရွတ်တယ်။

"မင်း ဒီစာမရရင် ငါ့အတန်းမဆင်းဘူးနော် လင်းခန့်"

"ဟာ ဆရာကလည်း နောက်တစ်ချိန် ဓာတုချိန် ရှိသေးတယ်"

"တီချယ် နွဲ့အေးဟန် အချိန်မလား ငါဖုန်းဆက်လိုက်မယ်။ မယူနဲ့တော့ လို့ ပြောလိုက်မယ်"

"ဆရာက နောက်တစ်ချိန် မရှိတော့ဘူးလား"

"မရှိဘူး။ ဒီနေ့ မင်းစာမပြီးမချင်း ငါထိုင်နေဖို့ပဲ ရှိတယ်"

"ဟာ ကျက်ပြီ ဆရာရာ. . .။ စိတ်ချ ရစေရမယ်"

သက်အောင်က မျက်နှာထားတည်တည်နဲ့ ပြောနေတော့ အခြေအနေ မဟန်မှန်း လင်းခန့်က ရိပ်မိတယ်။ စာကျက်သံက စိတ်ပါလက်ပါရှိလာပြီး လေသံ ပြောင်းလာတယ်။ သက်အောင်က မျက်ခြေမပြတ် စောင့်ကြည့်နေလိုက်တယ်။

အခု ပြန်တွေးကြည့်တော့ စာသင်သက်သုံးနှစ်မှာ သက်အောင်က ယောကျ်ားလေးတပည့်တွေနဲ့ သိပ်အကျိုးမပေးဘူးလို့ ပြောလို့ရတယ်။ ပထမနှစ်နှစ် သင်ရတုန်းကလည်း ယောကျ်ားလေးတပည့်တွေက လူပျင်းတွေများတယ်။ အတော် လေး တွန်းတွန်းတိုက်တိုက် လုပ်ပေးရတယ်။ နှိုးဆော်ပေးရတယ်။

မိန်းကလေးတပည့်မတွေကမှ ဘယ်လိုပဲဖြစ်ဖြစ် စာကြိုးစားကြသေး တယ်။ တခြားဘေးထွက်ဆိုးကျိုးတွေက ရှိစေတော့။

"ရပြီ ဆရာ။ သေချာတယ်။ မေးလို့ရပြီ။ ကျွန်တော် ဖြေတော့မယ်"

"တစ်လပိုင်းရောက်နေပြီကွာ။ ဒီအချိန်မှ မသေချာလည်း မင်းငါ မပြော တော့ဘူး"

လင်းခန့်က ရယ်ကျဲကျဲမျက်နှာနဲ့ စာမေးပွဲဖြေရမယ့် စာအုပ်ကိုဖွင့်တယ်။

"မေးပါ ဆရာ။ ရပါပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

သက်အောင်က မေးခွန်းတွေကို နှုတ်တိုက်ရွတ်ပေးတယ်။ လင်းခန့်က အဖြေတွေကို တစ်ပုဒ်ချင်း ချရေးတယ်။

"ဟော့ကောင့်. . . လက်ရေးကို ငါဖတ်လို့ရအောင် ရေးကွ"

"ရေးပါတယ် ဆရာရဲ့။ ဒီအနေအထားလောက်ဆို မဆိုးဘူးမလား"

လင်းခန့်က သက်အောင်ကို စာအုပ်လှမ်းပြလိုက်သေးတယ်။ သက်အောင်က မျက်နှာတည်တည်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။

ဒီနေ့တော့ ဒီဆရာ၊ တပည့်နှစ်ယောက် အပေးအယူ နည်းနည်းတည့်နေတယ် ပြောရမှာပဲ။ ဇန်နဝါရီလရောက်နေတာကို မတည့်ရင်လည်း စာမေးပွဲမှာ ထိုင်နေဖို့ပဲ ရှိတော့တာကိုး။ ဘယ်လိုတပည့်မျိုးပဲဖြစ်ဖြစ် တပည့်တိုင်းကို အောင်စေချင်တာတော့ ဆရာတိုင်းရဲ့ စိတ်စေတနာပါပဲ။

အချိန်ပြည့်သွားတော့ သတ်မှတ်သင်ခန်းစာလည်း ပြီးတာမို့ သက်အောင်က အချိန်မှန်ပဲ အတန်းဆင်းပေးလိုက်တယ်။

"မင်္ဂလာပါ ဆရာ" ဆိုပြီး လင်းခန့်က နှုတ်ဆက်ပြီး အခန်းထဲက ထွက်သွားတော့ သက်အောင်က ဘောလ်ပင်အနီကို သိမ်းတယ်။ လက်ကျန်ကော်ဖီကို မော့သောက်လိုက်တယ်။ ပြီးတော့ ကျောပိုးအိတ်လွယ်လိုက်တယ်။

အခန်းအပြင်ထွက်လာတော့ အိမ်ရှေ့ဧည့်ခန်းမှာ လင်းခန့်အဖေနဲ့အမေ ထိုင်နေတာကို တွေ့တယ်။ သက်အောင်က အကြည့်ချင်းဆုံတာနဲ့ မျက်နှာချိုချိုနဲ့ ပြုံးပြလိုက်တယ်။

"ပြန်တော့မလား ဆရာ"

"ဟုတ်ကဲ့ အစ်မ"

"ဒီလိုဆို နေဦးလေ ဆရာ။ အိမ်က ဒရိုင်ဘာကို လမ်းထိပ်အထိ လိုက်ပို့ခိုင်းပါ့မယ်"

"အာ. . . ရပါတယ် ခင်ဗျ။ လမ်းလျှောက်သွားလိုက်ပါ့မယ်။ ကျွန်တော် ဝင်စရာလေးတွေလည်း ရှိလို့ပါ"

"ဘယ်လိုလဲ ဆရာ။ လင်းခန့်အခြေအနေကောင်းလားဗျ"

"ဟုတ်ကဲ့။ အခုနောက်ပိုင်းတော့ ကြိုးစားလုပ်နေပါတယ်"

လင်းခန့်အဖေက မျက်နှာထားတင်းတင်းနဲ့ သက်ပြင်းချတယ်။

"ဒီကောင်တွေခေတ်က ဆယ်တန်းအောင်ဖို့ မလွယ်ဘူးဗျာ။ ငွေလမ်းခင်းနေရတယ်။ ဝီရိယကလည်း နည်းတယ်ဗျာ"

mgyoe.com

mgyoe.com SAMPLE BOOK

သက်အောင်က ဟုတ်ကဲ့ဆိုပြီး ထောက်ခံရမလား၊ မထောက်ခံဘဲ ငြိမ်နေရမလားဆိုတာ မသိတော့။

"ကုန်ထားတာတွေက မနည်းဘူး။ ဒီလေး ဘာလေးရော မပါနိုင်ဘူးလား ဆရာ။ အချိန်ရသေးတာပဲ။ ဒီကောင်က ဉာဏ်တော့ကောင်းတယ် ဆရာ။ ဖြစ်နိုင်ရင် ကြိုးစားပေးပါဦး"

သက်အောင်မှာ ရုတ်တရက်မို့ စက္ကန့်ပိုင်းလောက်တော့ စကားလုံးမဲ့သွားတယ်။ လင်းခန့်အဖေက တွေ့လိုက်ရင် ဒီလိုချည်းပါပဲ။ မျှော်လင့်ချက်ကြီးတယ်။

လင်းခန့်အမေက သက်အောင်မျက်နှာကို အကဲခတ်ကြည့်ပြီး အဆင်မပြေမှန်း သိလိုက်တယ်။

"သြော် ယောကျ်ားရယ်. . . ကိုယ့်သားက ပျင်းတာသိသားနဲ့. . . "

"အေးလေ ပျင်းလို့ ကျောင်းတက်တာနဲ့ မလုံလောက်လို့ အိမ်မှာ ဆရာတွေ အပြည့်ခေါ်ထားတာပေါ့ကွ။ ဟုတ်တယ်မလား ဆရာ။ ကြိုးစားကြည့်ရမှာပေါ့ဗျာ။ စိတ်လျှော့လို့ ဘယ်ရမလဲ"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်။ သူ လုပ်နိုင်သလောက် ဖြစ်လာမှာပါ ခင်ဗျာ"

သက်အောင်စိတ်ထဲက အမြင်မကြည်လင်တော့။ ဒီသားအဖတွေ လိုက်လည်း လိုက်တယ်ကွာလို့ စိတ်အချဉ်ပေါက်ပြီး တွေးလိုက်တယ်။

"ဒါနဲ့ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာတို့ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ။ မိဘဆိုတော့လည်း မျှော်လင့်တာပေါ့နော် ဆရာရေ. . . ဟဲ. . . ဟဲ. . . "

"ဟုတ်ကဲ့ နားလည်ပါတယ်ခင်ဗျ"

သက်အောင်က အပြုံးနဲ့ ခေါင်းညိတ်နှုတ်ဆက်ပြီး အိမ်ထဲက ထွက်လာခဲ့တယ်။ မျက်နှာလှည့်လိုက်တာနဲ့ သက်အောင်မျက်နှာက မှုန်ကုပ်ကုပ် ဖြစ်သွားတယ်။

ခြံဝင်းတံခါးထဲကနေ လမ်းလျှောက်ထွက်လာပြီးနောက် စိတ်က ချက်ချင်း ကြည်လင်မလာဘူး။ နောက်ကျိနေတဲ့ စိတ်အရှုပ်ကြီးနဲ့ လမ်းလျှောက်လာမိတယ်။

နှစ်လကျော်လောက် သည်းခံဖြတ်သန်းပြီးရင် ဒီလူတွေနဲ့ ငါထပ်တွေ့တော့မှာမှ မဟုတ်တာလို့ပဲ စိတ်ကို ဖြေတွေးလိုက်တယ်။ တန်ရာတန်ကြေးလခ ယူပြီး တတ်နိုင်သရွေ့ ကြိုးစားပေးနေတာပဲလို့ စိတ်က တွေးပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟေး အောင်. . . အောင်၊ အောင်. . . ဒီမှာ. . ."

လမ်းတစ်ဖက်က မျက်နှာချင်းဆိုင်လျှောက်လာနေတဲ့ နွဲ့အေးဟန်က ဒီဘက်လမ်းကူးလာပြီး ခေါ်တယ်။ သက်အောင်က ကျော်မလို ဖြစ်သွားပြီးမှ နွဲ့ကို လှမ်းမြင်တယ်။

"ဟာ မနွဲ့. . ."

"ကောင်လေး အတွေးတွေ များလာတယ်မလား"

သက်အောင်က မလုံမလဲ ရယ်လိုက်တယ်။

"ဟုတ်တယ်ဗျာ။ လင်းခန့်အဖေကြီးနဲ့ စကားပြောလာရလို့ဗျာ"

"ဩော် ဘာလဲ။ သူ့သားကို အကြီးကြီး မှန်းလိုက်ပြန်ပြီလား"

"ဟုတ်ပဗျာ။ ထုံးစံအတိုင်းပေါ့"

"လင်းခန့်ကရော အခြေအနေ ဘယ်လိုရှိလဲ။ အောင့် ဘာသာအခြေအနေ ကောင်းလား"

"အင်း အောင်တော့ အောင်မှာပါ မနွဲ့"

"ဒါဆို တော်သေးတာပေါ့။ အစ်မတို့ ဘာသာတွေတော့ သိပ်အခြေအနေ မကောင်းဘူး။ အစကတည်းက စာကို ကျေအောင် မလုပ်တော့ မလွယ်ဘူး ငါ့မောင်ရေ။ တစ်နှစ်လုံး တွန်းနေရတာ။ အခုထိလည်း ပျင်းကောင်းတုန်း"

"ကျွန်တော် သိပါတယ်ဗျာ"

"အောင်က ဒီကပြီးရင် ပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပြီဗျ"

"ကဲ နောက်ကျနေတော့မယ် သွားလိုက်ဦးမယ် အောင်"

"ဟုတ်ကဲ့ပါဗျ"

နွဲ့က သက်အောင်ကို နှုတ်ဆက်ပြီး ခပ်သုတ်သုတ် လျှောက်ထွက်သွားတယ်။

အိမ်ဧည့်ခန်းမှာ လင်းခန့်အဖေနဲ့ ဆုံမိရင်တော့ အခြေမဟန်တဲ့ လင်းခန့်အကြောင်းကို မနွဲ့က ဘယ်လိုပြောမှာပါလိမ့်လို့ သက်အောင်က တွေးပြီး သက်ပြင်းချလိုက်တယ်။ ညကျရင် မမလွင်ဆီ ဖုန်းဆက်ပြီး ဒီအကြောင်းတွေလည်း ရင်ဖွင့်ပြောပြချင်သေးတယ်။

နွဲ့ကတော့ လမ်းလျှောက်ရင်း တွေးလိုက်တယ်။ လင်းခန့်ရဲ့ဖေဖေကို တွေ့တာနဲ့ ပြုံးပြနှုတ်ဆက်ရုံ နှုတ်ဆက်ပြီး စာသင်ခန်းထဲကို ခပ်သုတ်သုတ် ဝင်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်ထားတယ်။

အောင်မှတ် လေးဆယ်ရရင် ကျေနပ်နေတဲ့ လင်းခန့်နဲ့ စာသင်နှစ်အစကနေ အဆုံးအထိ ဂုဏ်ထူးမှတ် မှန်းနေတဲ့ သူ့အဖေကြားမှာ ဆရာတွေက မြေစာပင်ဖြစ်နေတာ ကြာပါပြီ။

ပညာရေးအတွက် ဒီလောက်အရင်းအနှီးစိုက်ထုတ် အသုံးပြုထားရင် ဒီပမာဏ ပြန်ရမှ ဖြစ်မယ်ဆိုတဲ့ ပညာရေးကို နားမလည်တဲ့ လူချမ်းသာမိဘတွေနဲ့ နွဲ့က အကျယ်တဝင့် စကားမပြောချင်ဘူး။

နွဲ့စိတ်က ပြတ်သားတယ်။ ပြီးတော့ နွဲ့က စွာတယ်လို့ သတင်းကြီးတယ်။ ပညာမာနလည်း ရှိတယ်။ မယုံကြည်ရင် မအပ်နှံနဲ့ ဆိုတဲ့ ခပ်မာမာသဘောထားလည်း ရှိတယ်။ နွဲ့တို့အဖွဲ့ထဲမှာတော့ နွဲ့က အကြောအမာဆုံးပဲ။ နာမည်နဲ့ လူက တခြားစီ ဖြစ်နေတယ်။ နွဲ့လည်း မနွဲ့၊ အေးလည်း မအေးတဲ့ နွဲ့အေးဟန်ပေါ့။

ဘဝကလည်း ခပ်မာမာနေပြပြီး မာန်တင်းထားမှဖြစ်မယ့် အခြေအနေဖြစ်နေတာကိုး။

လောကဓံ ဝဲကယက်ကြားမှာ နွဲ့ကတော့ မာရေကျောရေရှိတဲ့ မိန်းမသားပါပဲ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

နွဲ့အေးဟန်

mgyoe.com

mgyoe.com SAMPLE BOOK

# (၈)

နောက်ဆုံးစာသင်ချိန်က ညကိုးနာရီမှ ပြီးတယ်။ စနေ၊ တနင်္ဂနွေပိတ်ရက်ဆိုရင် တစ်နေ့လုံး မနားရဘူး။ ဒီလို နောက်ကျတဲ့နေ့တွေဆိုရင်တော့ နွဲ့က အိမ်ကို တက္ကစီနဲ့ ပြန်ရတယ်။ မဟုတ်ရင် အမေက သိပ်စိတ်ပူတတ်တယ်။ ဒါပေမဲ့ တက္ကစီကို စာသင်တဲ့နေရာကနေ အိမ်အထိ မငှားရဲပါဘူး။ ပိုက်ဆံကုန်လိုက်မယ့် အမျိုး။ မတတ်နိုင်ပါဘူး။

ဒါပေမဲ့ အမေက စိတ်ပူနေမယ်ဆိုတာသိတော့ ရင်ပူသက်သာအောင်လို့ အိမ်နီးနားချင်းဖြစ်တဲ့ တက္ကစီဆရာနဲ့ ညှိထားရတယ်။ နွဲ့အေးဟန်က လိုင်းကားကို လမ်းထိပ်လမ်းဆုံအထိ အမြဲစီးလာတယ်။ ပြီးရင် ရောက်မယ့်အချိန်ကို ကားဆရာကို ကြိုပြောပြီး တက္ကစီကို အဆင်သင့်စောင့်ခိုင်းထားတယ်။ အိမ်ပြန်လာတော့ အိမ်နားက တက္ကစီနဲ့ ပြန်လာတယ်ဆိုတော့ အမေက စိတ်ချလက်ချဖြစ်တာပေ့ါ။ ဒီလိုပဲ ကြံဖန်စီစဉ်ရတာပဲ။

ညကိုးနာရီခွဲနေပြီဆိုတော့ မြောက်ဒဂုံက ရပ်ကွက်လမ်းတွေက လူခြေတိတ်နေပါပြီ။ တက္ကစီဆရာကို တက္ကစီဖိုးပေးပြီး နွဲ့အေးဟန်က ကားပေါ်က ဆင်းလိုက်တယ်။ ပေနှစ်ဆယ်မြေကွက်လေးမှာ ဆောက်ထားတဲ့ ပျဉ်ထောင်အိမ်လေးက တိတ်ဆိတ်နေတယ်။

သော့မခတ်ထားတဲ့ ခြံတံခါးကို တွန်းဝင်ပြီးနောက် နွဲ့က သော့ခတ်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ လှေကားထစ်တွေကို တက်လိုက်ပြီး အိမ်တံခါးဖွင့်လိုက်တော့ တီဗွီသံတိုးတိုးကို ကြားရတယ်။ ဖိုးဇော်က တီဗွီရှေ့မှာ ပက်လက်လှန်ပြီး ရုပ်ရှင်ကြည့်နေတယ်။ အိမ်ဦးခန်း ဘုရားစင်ရှေ့မှာ အစ်ကိုအကြီးဆုံး ကိုကျော်နိုင်က ခြင်ထောင်ထောင်ပြီး အိပ်နေပြီ။

နွဲ့အေးဟန်က အစ်ကိုနဲ့ မောင်ကို ကြည့်ပြီး မောမောနဲ့ သက်ပြင်းချလိုက်တယ်။ ဖိုးဇော်က အိမ်ရှေ့တံခါးဖွင့်သံကြားလို့ ခေါင်းထောင်လှည့်ကြည့်တယ်။

"ပြန်လာပြီလား"

"အင်း"

စကားရှည်ရှည်ဝေးဝေး မပြောချင်တာနဲ့ နွဲ့က အိပ်ခန်းဘက်ကို ဆက်လျှောက်သွားတယ်။ သွယ်သွယ်ဟန်က စာကြည့်စားပွဲမှာ စာကြည့်နေတယ်။ ဟန်လေးကို ကြည့်မှပဲ စိတ်ချမ်းသာရတယ်လို့ နွဲ့က တွေးလိုက်တယ်။

"ဩော် မကြီး ပြန်ရောက်ပြီ"

ဟန်လေးက အလိုက်တသိနဲ့ စာကြည့်စားပွဲက ထဖို့ ဟန်ပြင်တယ်။

"ရတယ်။ မထနဲ့။ စာဆက်ကြည့်။ ရတယ်"

"မကြီး ထမင်းမစားရသေးဘူးမလား။ သမီး ပြင်ထားလိုက်မယ်လေ။ ရေချိုးပြီး အဆင်သင့် စားလို့ရတာပေါ့"

"ရတယ် မလိုဘူး။ မကြီးဘာသာ စားလိုက်မယ်"

"ဘယ်ဟုတ်မလဲ။ ဟန်လေး ဟင်းတွေ နွှေးထားလိုက်မယ်"

ဟန်လေးက ပြောပြောဆိုဆိုနဲ့ စာကြည့်စားပွဲက ထတယ်။ တားလို့ရမှာ မဟုတ်မှန်းသိလို့ နွဲ့က မပြောတော့ဘူး။

"အမေ အိပ်ပြီလား"

"မအိပ်သေးဘူးဟေး။ အကုန်ကြားတယ်"

တစ်ဖက်ခန်းက အမေ့အသံက ထွက်လာတယ်။ ဟန်လေးက မီးချောင်ဘက် ဝင်သွားတော့ နွဲ့က အမေ့အခန်းထဲ ဝင်လိုက်တယ်။ အမေနဲ့ နွဲ့က တစ်ခန်းနေတယ်။ ဆယ်တန်းကျောင်းသူဖြစ်တဲ့ သွယ်သွယ်ဟန်ကို လွတ်လွတ်လပ်လပ် စာကြည့်ဖို့ အခန်းသီးသန့် ပေးထားလိုက်တယ်။ ယောကျ်ားလေးနှစ်ယောက်ကတော့ အိမ်ဦးခန်းမှာ အိပ်ကြပေါ့။

ဒါပေမဲ့ မနက်ကျရင် အိပ်ရာသိမ်းပြီး စနစ်တကျ ပြန်ထားဖို့ ပြောရတာ

mgyoe.com

mgyoe.com SAMPLE BOOK
က အလုပ်တစ်လုပ်ပဲ။ အစ်ကိုအကြီးဆုံး ကိုကျော်နိုင်က အအိပ်မက်လွန်းတယ်။ ညနေဆို အရက်သောက်တယ်။ အိပ်ရာစောစောဝင်တယ်။ မနက်မိုးလင်းတော့ တော်ရုံနဲ့ မထပြန်ဘူး။ သူ့အလုပ်က ရပ်ကွက်ထဲမှာ ယောင်ခြောက်ဆယ်ပဲ။ ကိုကျော်နိုင်က ဆယ်တန်းကို နှစ်နှစ်ကျတယ်။ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အိမ်ခြံမြေပွဲစား အလုပ်လုပ်တယ်။ ဒါပေမဲ့ အလုပ်က နာမည်ပဲရှိတယ်။ အလုပ်ရယ်လို့ ဟုတ်တိပတ်တိ မရှိလှဘူး။ ဒါပေမဲ့ ကိုကျော်နိုင်က အပြောကတစ်စက်မှ မလျှော့ဘူး။ အလုပ်သာ မတွင်တာ၊ အပြောက ကောင်းလွန်းတယ်။

အိမ်ခြံမြေ အရောင်းအဝယ်တွေများတဲ့ ကာလတစ်ခုတုန်းက ရပ်ကွက်ထဲက ပွဲစားတစ်ယောက်နဲ့ ပေါင်းမိပြီး အရောင်းအဝယ် အနည်းငယ်ဖြစ်ဖူးရာက စလို့ ကိုကျော်နိုင်က သူ့ကိုယ်သူ အိမ်ခြံမြေပွဲစားအဖြစ် သတ်မှတ်လိုက်တာပါပဲ။ နောက်တော့ အရောင်းအဝယ်လေးဖြစ်ရင် အပေါင်းအသင်းနဲ့ အရက်ဝိုင်း စတည် ရာကနေ အခုတော့ ပုံမှန် အရက်သောက်တတ်တဲ့သူ ဖြစ်နေပြီ။ မယ်မယ် ရရ အလုပ်တစ်ခုလုပ်ဖို့ နွဲ့က ပြောပေမဲ့ မလုပ်ဘဲ တင်းခံနေတယ်။ ပုံမှန်ဝင်ငွေ ရှိလား ဆိုရင် မရှိ။ တစ်ခါလောက် မြိုးမြိုးမြက်မြက် ရရချည်သေးရဲ့ဆိုပြီး အချိန်နဲ့ အမျှ စောင့်ဆိုင်းနေရှာတယ်။ ကြာတော့လည်း စကားမအောင်တော့ နွဲ့က မပြော တော့ဘူး။ လွှတ်ထားလိုက်တော့တယ်။ ဘာတတ်နိုင်မှာလဲ။ အမေကလည်း သူ့သားကြီးကို ဝေဖန်ပြောဆိုရင် စိတ်မချမ်းသာဘူး။ သားဦးဆိုတော့ သိပ်ချစ် ရှာတယ်။

တစ်ခါကတော့ နွဲ့က အလုပ်ပင်ပန်းလွန်းတာနဲ့ ကိုကျော်နိုင်ကို အတည် တကျ အလုပ်လုပ်ဖို့ ပြောရင်း စကားများ ရန်ဖြစ်ဖူးတယ်။ အဖေဆုံးပါးပြီးနောက် အစ်ကိုအကြီးဆုံးကို အားကိုးရမလားလို့ တွေးမိပေမဲ့ အားကိုးဖွယ်ရာ မဖြစ်တော့ အမြဲအားပျက်နေရတယ်။ သည်းမခံနိုင်တဲ့အဆုံး မောင်နှမနှစ်ယောက် စကားများ ရန်ဖြစ်ကြတယ်။

ကိုကျော်နိုင်က နွဲ့ပြောတာကို ခံရတော့ ယောကျ်ားမာနထိခိုက်ရတယ် ဆိုပြီး ရက်အနည်းငယ်ကြာအောင် အိမ်ပေါ်က ဆင်းသွားဖူးတယ်။ ဘယ်ဆီကို ရောက်နေမှန်းမသိတဲ့ သားကြီးကို တမ်းတပြီး အမေ့မှာ မျက်ရည်ကျလို့ မပြီးတော့ ဘူး။ နွဲ့မှာ ဒေါသဖြစ်ရခြင်းထက် အမေမျက်ရည်ကျတာကို မြင်ပြီး စိတ်ဆင်းရဲရ လွန်းတော့ ဖိုးဇော်ကို အဖော်လုပ်ပြီး ကိုကျော်နိုင်ကို ရှာပုံတော် ဖွင့်ရတယ်။ သူ့ သူငယ်ချင်းတွေအိမ်ကို တစ်အိမ်တက်ဆင်းလိုက်ရှာပြီး စုံစမ်းရတယ်။ နောက်တော့
mgyoe.com

mgyoe.com

ချော့မော့ပြီး အိမ်ပြန်ခေါ်လာရတယ်။

မခေါ်လို့လည်း မဖြစ်။ အမေက သွေးတိုးရောဂါ အခံရှိတယ်။ နှလုံးက သိပ်မကောင်းချင်ပြန်ဘူး။ အမေ့ကို စိတ်ထိခိုက်အောင် လုပ်ထားရင် ကျန်းမာရေး ထိခိုက်မယ့် အကျိုးဆက်ကို နွဲ့က တွေးပူနေရတယ်။ အဲ့ဒီနောက်ပိုင်းက စလို့ နွဲ့က ကိုကျော်နိုင်နဲ့ ပတ်သက်သမျှ စိတ်လျှော့နေလိုက်ရတယ်။ အမေ့အိမ်ပေါ်မှာ အမေ့သားကြီးက အခန့်သားတက်နေတာကို နွဲ့က ဘာပြောနိုင်မှာလဲ။ မိသားစု ထမင်းဝရေးအတွက်က နွဲ့တာဝန်ပေါ့လို့ ဆုံးဖြတ်လိုက်တယ်။ တချို့ကိစ္စတွေက မတတ်နိုင်ရင် လက်လျှော့လိုက်ရတာပဲ မဟုတ်လား။

စိတ်လျှော့လိုက်ပြီး ကိုယ့်ဘဝကိုယ့်လမ်းကို ကိုယ်တိုင်ပဲ ဖြောင့်အောင် လျှောက်မယ်လို့ တွေးထားလိုက်တော့ နေပျော်သွားတယ်။ ဒီလိုနဲ့ အစ်ကိုကြီး ကိုကျော်နိုင်နဲ့ ပတ်သက်သမျှ မျှော်လင့်ချက်တွေကို နွဲ့က အဆုံးသတ်လိုက်တာ ပါပဲ။ ရှိပါစေတော့။ အမေကျေနပ်တယ်ဆိုရင် ပြီးတာပါပဲ။

နွဲ့အောက်က မောင်လေး ဖိုးဇော်ကျတော့ ကောင်းမလိုလိုနဲ့ တမျိုး ဆိုး ပြန်တယ်။ ဖိုးဇော်ကတော့ အလုပ်အကိုင် အတည်တကျ ရှိတယ်။ ကွန်ပျူတာကုမ္ပဏီ တစ်ခုမှာ ဆော့လ်ဝဲပိုင်း(Software) အလုပ်လုပ်တယ်။ လစာက မဆိုးဘူး။

ဆိုးနေတာက သူ့လစာက သူ့လက်ထဲမှာပဲ အမြဲကုန်နေတယ်။ အိမ် အတွက် အထောက်အပံ့ဖြစ်တယ်လို့ မရှိဘူး။ အသုံးအဖြုန်းကြမ်းတယ်။ အကောင်း ကြိုက်တယ်။ ဒီကြားထဲမှာ ရုပ်ခံလေးက ရှိတော့ ရည်းစားက ထည်လဲတွဲသေး တယ်။ ဖိုးဇော်က လောဘမရှိ၊ သောကမရှိနေတဲ့ လူစားမျိုးပါပဲ။

ပြီးတော့ ဖိုးဇော်ဆီမှာ မကောင်းတဲ့ အကျင့်တစ်ခုရှိသေးတယ်။ အသေး အဖွဲ့ကိစ္စလေးကအစ သည်းမခံနိုင်ဘူး။ စိတ်ကောက်လွယ်တယ်။ မိသားစုနဲ့ စကား မပြောဘဲ နေတတ်တယ်။ အထူးသဖြင့် အမေ့အပေါ် သိပ်ဆိုးတယ်။ အမေ့ကို စိတ်ကောက်ပြီးရင် လနဲ့ချီအောင် စကားမပြောဘဲ နေတတ်တယ်။ ဖိုးဇော်က သူ့ အတွက်ပဲ သူကောင်းပြီး တစ်ကိုယ်ကောင်းစိတ် ရှိတယ်။ မိသားစုကို ညာတာရ ကောင်းမှန်းမသိတဲ့ လူအမျိုးအစားလို့ နွဲ့က သတ်မှတ်တယ်။

ဒီမိသားစုက အဖေမရှိတော့ မိသားစုဝင် ငါးဦးကျန်တယ်။ အမျိုးသမီး သုံးဦးက အိမ်အတွက် ပူပင်သောက များသလောက် အမျိုးသားနှစ်ဦးက သောက ကင်းကင်းပဲ နေထိုင်တယ်။

အချိန်တန်ရင် အဆင်သင့်စားတယ်။ သောက်တယ်။ အချိန်မှန် သွားလာ

mgyoe.com

mgyoe.com SAMPLE BOOK

လှုပ်ရှားတယ်။ ဒါဟာ သူတို့ရဲ့ တစ်နေ့တာ ပုံမှန်ဖြတ်သန်းမှုပဲ။

"ရေချိုးတာလည်း ကြာလိုက်တာအေ။ နောက်ဆို မြန်မြန်ချိုးစမ်းပါ"

ထမီရင်ရှားနဲ့ တဘက်ခြုံပြီး အိပ်ခန်းထဲ ဝင်လာတဲ့ နွဲ့ကို အမေက အိပ်ရာပေါ်မှာ ပက်လက်အိပ်ရင်းက လှမ်းပြောတယ်။

"အမေ ဒီနေ့ရော လေ့ကျင့်ခန်း သေချာလုပ်လား၊ လမ်းလျှောက်ဖြစ်လား"

"အေး လျှောက်ဖြစ်တယ်။ မဝင်းကြည်ကလည်း စိတ်ရှည်ပါတယ်အေ။ ပေးရတဲ့ ပိုက်ဆံနဲ့ တန်ပါတယ်"

အမေက ခန္ဓာကိုယ်တစ်ခြမ်းလေဖြတ်ထားလို့ ခြေတစ်ဖက်က တရွတ်တိုက် ဆွဲနေတယ်။ အထိုင်အထက လူထူမှ ထနိုင်တယ်။ မျက်နှာတစ်ခြမ်း ရွဲ့နေတာတော့ သက်သာနေပါပြီ။ စကားတွေ ပီပီပြင်ပြင် ပြန်ပြောနိုင်လာလို့ တော်ပါသေးရဲ့လို့ နွဲ့က တွေးတယ်။

အိမ်ရှေ့မှာ ဆင်ပေးထားတဲ့ ဝါးတန်းကိုကိုင်ပြီး အမေက တစ်နေ့နှစ်ကြိမ် လမ်းလျှောက်ကျင့်ရတယ်။ အမေ့ကို ကူဖို့ ရပ်ကွက်ထဲမှာ တောက်တိုမယ်ရ လိုက် လုပ်တဲ့ မဝင်းကြည်ကို လခပေးပြီး နွဲ့က ငှားထားရတယ်။ တစ်ပတ်သုံးရက်လောက် အိမ်ရှေ့လမ်းပေါ်မှာ မဝင်းကြည်ကို တွဲပြီး အမေက လမ်းလျှောက်တတ်သေးတယ်။ အိမ်မှာ တစ်ချိန်လုံး ရှိနေတဲ့ ကိုကျော်နိုင်က အမေ့ကို ကူဖော်လောင်ဖက်မရဘူး။

သားယောက်ျားလေးဆိုတော့ စိတ်မရှည်ဘူး။ အမေ့ကရိကထတွေကို လုပ်ဖို့ မသင့်တော်ပါဘူး ဆိုပြီး အမေက ခွင့်လွှတ်ထားတော့ နွဲ့လည်း ဘာပြောရမှန်း မသိတော့ဘူး။ ငွေကုန်ခံပြီး လူငှားထားရတယ်။ သွယ်သွယ်ဟန်က ကျောင်းစာတစ်ဖက်နဲ့ အမေ့ကို ဂရုမစိုက်သလို နွဲ့ကလည်း တစ်နေကုန် တစ်နေခမ်း ရန်ကုန်မြို့တစ်ခွင် ပြေးပြေးစင်အောင် သွားပြီး စာလိုက်သင်နေရတဲ့ ဘဝဖြစ်လေတော့ အမေ့ကို စောင့်ရှောက်ဖို့ လူပိုငှားထားရတယ်။

လူတစ်ယောက်ငှားရတယ်ဆိုတာက လွယ်တာမဟုတ်။ လူငှားခတစ်လစာ ပေးနိုင်ဖို့အတွက် နွဲ့က အပြင်မှာ စာသင်ဝိုင်းအသစ်တစ်ခုကို ထပ်သင်ရပြန်တယ်။ တစ်ဖက်က ရတဲ့ငွေက တစ်ဖက်မှာ ပြန်ကုန်ဖို့ အသင့်ဖြစ်ပြီးသားပဲ။ စာသင်ဝိုင်းခေါ်ပေးတဲ့ သူငယ်ချင်းတွေကလည်း နွဲ့မိသားစုအရေးကို သိကြတော့ စာသင်ဝိုင်းရှိတာနဲ့ နွဲ့ကို ဦးစားပေးချိတ်ဆက်ကြတယ်။

နွဲ့က ကိုးတန်း၊ ဆယ်တန်းမှာ သုံးဘာသာလောက်ကို ဒေါင်ဒေါင်မြည်

mgyoe.com

mgyoe.com
SAMPLE BOOK


သင်နိုင်တဲ့ ဆရာမဆိုတော့ အလုပ်တော့ မရှားဘူးပေါ့။ တစ်ဘာသာလောက်ပဲ သင်နိုင်တယ်ဆိုရင် ဒီမိသားစုနဲ့ နွဲ့ရပ်တည်ဖို့ ကျပ်တည်းနိုင်တယ်။

မိသားစုငါးယောက်အတွက် စားအိုးက ကြီးသလို အမေ့ဆေးဖိုးက ရှိသေးတယ်။ အမေက ဒီကြားထဲမှာ သူ့သားတွေကို ကိုယ့်လက်နဲ့ မုန့်ဖိုးက ပေးချင်နေသေးတာ။ လစဉ်စိတ်တိုင်းကျ သုံးဖို့အတွက် အမေ့လက်ထဲကို သီးသန့်ပိုက်ဆံထည့်ပေးရသေးတယ်။ ပြီးတော့ အပတ်စဉ်၊ လစဉ် ဘုန်းကြီးကျောင်းကို ဆွမ်းအလှူစားရိတ်ထည့်ပေးတာလည်း ရှိတယ်။ ရှေးဘဝက ကုသိုလ်နည်းခဲ့လို့ ဒီဘဝမှာ ဒီလောက်တောင် အကြွေးတွေဆပ်နေရတာ ဖြစ်မယ်လို့ နွဲ့ကတွေးပြီး ကောင်းမှုကုသိုလ်တိုင်းကို လက်မနှေးဘဲ ပါဝင်လှူဒါန်းသေးတယ်။ ဒီလိုနဲ့ လစဉ် အသုံးစားရိတ်က မနည်းလှဘူး။ နွဲ့လုပ်အားတစ်ခုထဲကနေပဲ ဝင်ငွေစီးဆင်းမှုရှိပေမဲ့ ထွက်ငွေစီးဆင်းမှု လမ်းတွေကတော့ မနည်းမနောပဲ။ သက်ပြင်းချနေရုံမှတပါး ဘာမှမတတ်နိုင်ဘူး။ နွဲ့ရဲ့ ကံတရားပဲပေါ့။

အခု နောက်ပိုင်းနှစ်တွေကျတော့ အသုံးစားရိတ် ထပ်ပိုလာတာက သွယ်သွယ်ဟန်ရဲ့ ကျောင်းစားရိတ်ပါပဲ။ သိတဲ့အတိုင်းပဲ အထက်တန်းရောက်လာရင် အစိုးရကျောင်းတွေ တက်နေရုံနဲ့ မလုံလောက်တော့ဘူး။ ပညာရေးအတွက် ငွေနဲ့ရင်းနှီးမြှုပ်နှံမှုမလုပ်ရင် ထိုက်သင့်သလောက် မဖြစ်လာနိုင်တဲ့ ခေတ်အခြေအနေပါ။

"ငွေများ ပညာနိုင်" လို့ပဲ ပြောရမလား။ ဆယ်တန်းပညာရေးကတော့ ဒီနိုင်ငံမှာ ဒီအတိုင်းပဲ ဖြစ်နေတာကြာပြီ။ ငွေနဲ့ လိုက်နိုင်မှ ပညာရေးကောင်းကောင်းကို ပိုရတယ်။ ဆရာကောင်းကောင်းခေါ် နိုင်မယ်။ မျှော်မှန်းထားတဲ့ ရလာဒ်တစ်ခုကို ရချင်ရင် ရင်းနှီးရမှာပဲ။

ဒီပညာရေးလောကမှာ ကျင်လည်နေတဲ့ နွဲ့အေးဟန်က ဒီသဘောတရားကို ကောင်းကောင်းသိတာပေါ့။ ထိုက်သင့်တဲ့ ကြိုးစားမှု၊ ပုံမှန်ဉာဏ်ရည် ဉာဏ်သွေးရှိတဲ့ ကလေးတစ်ယောက်ကို ဆရာတွေဝန်းရံပြီး စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်ရင် ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်နိုင်တယ်။

သက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုဆီ တိုက်ရိုက်ရောက်သွားနိုင်တယ်။ ဝါသနာဆိုတာ နောက်မှာထားဦး။

ဒီတော့ ဆယ်တန်းအမှတ်ကောင်းရေးဆိုတဲ့ ကိစ္စက မိဘနဲ့ကျောင်းသားကြားမှာ အမြဲကြီးစိုးနေတဲ့ အရေးကြီးကိစ္စပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ပြီးတော့ ဟန်လေးက စာတော်တယ်။ လိမ္မာယဥ်ကျေးတယ်။ ရည်မှန်းချက်ကြီးတော့ သူမျှော်လင့်ထားသလောက် ပေါက်မြောက်အောင်မြင်စေချင်တဲ့ ဆန္ဒမျိုး နွဲ့မှာရှိနေတယ်။

ဆရာဝန်ဖြစ်ချင်တဲ့ ဟန်လေးက ဆေးကျောင်းအမှတ်ကို အမြဲမှန်းနေတယ်။

"တကယ်ဆရာဝန်ဖြစ်ချင်တာလား" လို့ နွဲ့ကမေးတော့ "ဟုတ်တယ်" လို့ လိုလိုလားလားဖြေတယ်။

တော်ပါသေးရဲ့ လို့တော့ နွဲ့က တွေးလိုက်တယ်။ တချို့ကလေးတွေဆိုရင် အမှတ်မီတော့ မိဘတိုက်တွန်းချက်အရ ဆေးကျောင်းတက်ခိုင်းလို့သာ တက်ရတယ်။ တက်ချင်စိတ် တကယ်မရှိဘူး။ ဆေးကျောင်းတစ်ဝက်တစ်ပျက်နဲ့ ကျောင်းနားလိုက်ပြီး လမ်းကြောင်းပြောင်းတဲ့ တပည့်ဟောင်းတွေ ရှိတယ်။

နွဲ့က ဟန်လေးကို တိကျတဲ့ရည်မှန်းချက် ရှိစေချင်တာပါ။ သူလုပ်ချင်တာ လုပ်ခွင့်ရဖို့ ကြိုးစားနေတာကိုပဲ ကျေနပ်နေရတယ်။ အဲဒီအတွက်လည်း တတ်နိုင်တဲ့ အားနဲ့ ဖြည့်ဆည်းပေးချင်တယ်။

"မကြီးဘာသာစားလိုက်မယ်။ ညီမလေး စာသွားကျက်ပါ"

"ဟုတ်"

ဟန်လေးက ထမင်းပွဲနားမှာ မတ်တတ်ရပ်နေလို့ နွဲ့က ပြောလိုက်တော့ ဟန်လေးက အလိုက်တသိ ထွက်သွားတယ်။

ဒီညီမလေးတစ်ယောက်ရှိလို့ ငါအမောပြေတာပဲလို့ နွဲ့က စိတ်ထဲက တွေးတယ်။ သူ့အပေါ်ပဲ မျှော်လင့်ချက်ကြီးကြီး ထားရမှာပဲ။ သူသာ ဆရာဝန်ဖြစ်လာမယ်ဆိုရင် ငါလုပ်နေရသမျှ တန်ပါတယ်လို့ပါ ဆက်တွေးမိပြန်တယ်။

သွယ်သွယ်ဟန်က ရှေ့ဆက်ရမယ့် အနာဂတ်လမ်းအတွက် မျှော်လင့်ချက် ရောင်ခြည်ပဲ။

"မကြီး"

ဟန်လေးက မျက်နှာငယ်လေးနဲ့ ပြန်ရောက်လာပြန်တယ်။

"အေး ပြောလေ"

"ဒီလအတွက် ဆရာတွေကို နောက်အပတ် လခပေးရတော့မယ်နော်"

"အေး သိတယ်။ မကြီး မနက်ဖြန် အလုပ်မသွားခင် စာအိတ်တွေနဲ့ သေချာထုတ်ပြီး အကုန်ပေးခဲ့မယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟုတ်ကဲ့"

သွယ်သွယ်ဟန်က ပြန်ထွက်သွားတယ်။ နွဲ့က စားလက်စထမင်းကို ဆက်စားတယ်။

နွဲ့က ရည်မှန်းချက်ကြီးနေတဲ့ ဟန်လေးအတွက် ဆယ်တန်းပညာရေးကို လူချမ်းသာတွေနီးပါး ရင်းနှီးမြှုပ်နှံထားတယ်။

ဟန်လေး ကိုးတန်းရောက်ကတည်းက ဆယ်တန်းပညာရေးအတွက် အခြေခံခိုင်အောင်လို့ အိမ်မှာပဲ ဆရာတွေ ခေါ်သင်တယ်။ နွဲ့တို့က အပြင်မှာ အဖွဲ့လိုက် စာသင်နေတာဆိုတော့ ဘယ်ဆရာက ဘယ်ဘာသာမှာ အားသာချက် အကောင်းဆုံးဖြစ်မလဲဆိုတာ ကောင်းကောင်းသိတယ်။

နွဲ့ကိုယ်တိုင်ကလည်း သုံးဘာသာ သင်နိုင်ပေမဲ့ တကယ်အားသာတဲ့ အဓိက ဘာသာရှိတယ်။ နွဲ့က ဓာတုဗေဒကို အကောင်းဆုံး သင်နိုင်တယ်။ ဒါကြောင့် သွယ်သွယ်ဟန်ကို ဓာတုဗေဒကို ကိုယ်တိုင်သင်တယ်။ ကျန်တဲ့ဘာသာတွေကိုတော့ သင့်တော်တဲ့ ဆရာတွေ ငှားသင်လိုက်တယ်။

ငှားတဲ့ဆရာတွေကလည်း ကိုယ့်မိတ်ဆွေတွေ၊ သူငယ်ချင်းအရင်းတွေ ဖြစ်တော့ နွဲ့မိသားစုအခက်အခဲကို နားလည်ပေးပြီး လိုလိုလားလား ကူညီချင်စိတ် ရှိကြတယ်။ လစာကို ပုံမှန်ဈေးမတောင်းဘဲ အနည်းငယ် လျှော့ယူပေးကြတယ်။

နွဲ့က ငွေနဲ့ ပတ်သက်ရင် မာနတော့ကြီးတယ်။ ဆရာကို အိမ်ခေါ်သင်တဲ့ အတွက် ပုံမှန်လစာအတိုင်း ပေးလိုက်ချင်တယ်။ ဒါပေမဲ့ သွယ်သွယ်ဟန်ကို သင်ရမယ့် ဆရာ၊ ဆရာမတွေက အဖွဲ့လိုက် ညီညွတ်စွာနဲ့ တိုင်ပင်ပြီး နွဲ့ အဆင်ပြေစေဖို့ သင့်တင့်တဲ့ လခကိုပဲ တောင်းဆိုပေးကြပါတယ်။ ဒီအတွက်တော့ အမြဲကျေးဇူးတင်နေရတယ်။

ဒါတောင် ဒီစာသင်စရိတ်တွေကို ချေနိုင်ဖို့ တစ်လပြီးတစ်လ ပြန်ရှာရတာ ဖတ်ဖတ်မောနေရောပဲ။

အိမ်မှာ လာသင်တဲ့ ဘာသာဆရာတွေကို လစဉ်လခပြန်ရှင်းပေးနိုင်ဖို့ အတွက် နွဲ့က အရင်နှစ်တွေထက် အချိန်များများ၊ နေရာများများမှာ ပိုသင်နေရတာပေါ့။ မိန်းမသားဆိုပေမဲ့ ဘေးအန္တရာယ်ကို မကြောက်နိုင်ဘဲ ညဥ့်နက်တဲ့အထိ စာသင်ချိန်တွေ ယူပစ်လိုက်တာပဲ။

လစဉ် မိသားစုအသုံးစရိတ်က ဘယ်လောက်၊ ဆေးဖိုးတွေက ဘယ်